ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (9-6-2010) (၆၄၂၄)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်

၂၀၁၀ ခုနှစ် အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ် အလုပ်သဘော နေ့လယ်စာစားပွဲနှင့် မဲခေါင်ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ဦးဆောင်မှုအခန်းကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲတက်ရောက်

ဆွေးနွေးပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဟိုချီမင်းမြို့ Inter Continental Asiana Saigon Hotel, Plenary Hall ၌ ကျင်းပသည့် မဲခေါင်ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ဦးဆောင်မှု အခန်းကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲတွင် ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော်　　ဇွန်　　၈

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဇွန် ၆ ရက် မွန်းလွဲ ၁ နာရီတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့ Inter Continental Asiana Saigon Hotel, Plenary Hall ၌ ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ် အမှုဆောင်ဥက္ကဋ္ဌ Dr. Klaus Schwab က တည်ခင်းဧည့်ခံသော အလုပ်သဘော နေ့လယ်စာစားပွဲနှင့် မဲခေါင်ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ဦးဆောင်မှုအခန်းကဏ္ဍဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❁

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Nguyen Tan Dzung နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော်　　ဇွန်　　၈

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ ရောက်ရှိနေသော ပြည်ထောင်စု မြန်မာနိုင်ငံတော်- နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Nguyen Tan Dzung အား ဇွန် ၆ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ဟိုချီမင်းမြို့ရှိ Inter Continental Asiana Saigon Hotel ရှိ အခန်းအမှတ် (၂၀၁၀)သို့ သွားရောက်တွေ့ဆုံဆွေးနွေးသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✳

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Nguyen Tan Dzung တို့ ဟိုချီမင်းမြို့ရှိ Inter Continental Asiana Saigon Hotel ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

မြကြေးမုံ The Mirror

၉-၆-၂၀၁၀
(ဗုဒ္ဓဟူးနေ့)

အိမ်နီးချင်းကောင်း သံတမန်ဆက်သွယ်ဆက်ဆံ မြန်မာ-တရုတ် ချစ်ကြည်ရင်းနှီးမှု ခိုင်မာမြဲမြံ

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် တူညီသောရေမြေသဘာဝတောတောင်များ ဆက်စပ်လျက်ရှိသည်။ အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်ကြသည်နှင့်အညီ နှစ်ပေါင်းရှည်ကြာ ချစ်ကြည်ရင်းနှီးသည့် သမိုင်းကြောင်း အစဉ်အလာရှိခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား သံတမန်ဆက်သွယ်ထူထောင်ခဲ့သည်မှာ ၂၀၁၀ ခုနှစ် ဇွန် ၈ရက်တွင် နှစ်(၆၀)ပြည့်မြောက်ခဲ့ပေပြီ။ သံတမန်ဆက်သွယ်သည့် နှစ်(၆၀)ပြည့် အခါသမယတွင် နှစ်နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများအကြား သဝဏ်လွှာများ အပြန်အလှန်ပေးပို့ နှုတ်ခွန်းဆက်သကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းထံသို့ ပေးပို့သည့်သဝဏ်လွှာတွင် **“ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကို ကနဦးစတင်ဖော်ထုတ်၍ စဉ်ဆက်မပြတ် ကျင့်သုံးခဲ့ကြသော မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးမှာ လွန်ခဲ့သည့် (၁၀)စုနှစ်များအတွင်း တစ်ရှိန်ထိုး တိုးတက်ဖြစ်ထွန်းလာခဲ့ပါသည်။ နှစ်နိုင်ငံခေါင်းဆောင်များနှင့် ပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် နှစ်နိုင်ငံအကြား ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆတက်ထမ်းပိုး မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပြီး မကြာသေးမီ ကာလများအတွင်းက နှစ်နိုင်ငံဆက်ဆံရေးမှာ မဟာဗျူဟာမြောက် ဆက်ဆံရေးအခြေအနေသို့ ရောက်ရှိခဲ့ပါသည်”**ဟူ၍ ဖော်ပြပါရှိသည်။

ထိုနည်းတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းထံမှ သဝဏ်လွှာပေးပို့ရာတွင် **“နှစ်နိုင်ငံအကြားထားရှိသည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို တရုတ်နိုင်ငံအနေဖြင့် များစွာတန်ဖိုးထားရှိပါသည်။ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ပိုမိုခိုင်မာဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်၍ ရေရှည်ခိုင်မြဲမှုရှိသော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အိမ်နီးချင်းကောင်း သံတမန်ဆက်ဆံရေးတွင် အဓိကကျသော အချက်တစ်ချက်ဖြစ်ပါသည်။ နိုင်ငံတကာအခြေအနေများ မည်သို့ပင် ပြောင်းလဲစေကာမူ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ယင်းမူဝါဒကို မဆုတ်မနစ် ဆက်လက် ကျင့်သုံးသွားမည်ဖြစ်ပါသည်”** ဟူ၍ဖော်ပြပါရှိသည်။

သံတမန်ဆက်ဆံရေးထူထောင်ခဲ့သည့် နှစ်ပေါင်း(၆၀)ကျော်မှ စတင်၍ နှစ်နိုင်ငံဆက်ဆံရေး စဉ်ဆက်မပြတ် တိုးတက်ခိုင်မာလျက်ရှိသည်။ စီးပွားရေးနှင့် ကုန်သွယ်ရေး၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုကဏ္ဍအပါအဝင် ကဏ္ဍပေါင်းစုံ အပြန်အလှန်ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ချောမွေ့တိုးတက်နေသည်။ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အချင်းချင်းအနေဖြင့် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ နယ်ပယ်တို့၌ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများ တည်ဆောက်နိုင်ခဲ့သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ဖြစ်တည်ထွန်းကားနေသည့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ခိုင်မာ မြဲမြံလျက်ရှိရာ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် နှစ်နိုင်ငံပြည်သူများ အကျိုးဖြစ်ထွန်းစေရေးတို့အတွက် ခိုင်ခိုင်မြဲမြဲ လက်တွဲဆောင်ရွက်သွားနိုင်ကြမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး ဇွန် ၂ ရက်က ကျင်းပသည့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆေးလိပ်ကင်းစင်ရေး စံပြကျောင်းများအား ဆုချီးမြှင့်စဉ်။ (တိုင်းပြန်/ဆက်)

မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ခြင်းဆိုင်ရာ ဗဟိုအဆင့်ဆရာဖြစ်သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် UNFPA တို့ ပူးပေါင်းဆောင်ရွက်သည့် ပြည်သူလူထုအခြေပြု မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ခြင်းဆိုင်ရာ သက်ရွယ်/အုပ်စုတူအတွင်းပညာပေးသူ ဗဟိုအဆင့်ဆရာဖြစ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇွန် ၇ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာသော်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာက သင်တန်းပို့ချရခြင်းအကြောင်းကို အသိပေးရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ စစ်ကိုင်းတိုင်း (ရွှေဘို၊ မြင်းမူ)၊ ရန်ကုန်တိုင်း (မှော်ဘီ)၊ ပဲခူးတိုင်း(အရှေ့) (ဖြူး)၊ မွန်ပြည်နယ် (သထုံ)၊ မကွေးတိုင်း (မကွေးမြို့) မြို့နယ်တို့မှ သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကို ဇွန် ၇ ရက်မှ ၉ ရက် အထိ သုံးရက်တာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၉-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၃၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၄၀ ၄။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်ကဏ္ဍ
- ၄း၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၅ ၇။ ကျန်းမာကြံ့ခိုင် တို့နိုင်ငံ
- ၅း၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၅း၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၅၀ ၁၁။ မျှော်လင့်စောင့်စား ကမ္ဘာ့ဖလား -Mexico and Portugal
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၅ ၁၅။ **Mail Box**
- ၆း၄၅ ၁၆။ **ကာတွန်းအစီအစဉ် - စွန့်စားသူတို့ပျော်စံရာ (အပိုင်း -၁၉)**
- ၇း၀၀ ၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရင်နှစ်သည်းချာ (အပိုင်း-၃၆)**
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ အမျိုးသားရေးတေးကဗျာ
- ၂၂။ ရယ်ရွှင်စရာဟာသပဒေသာ -မချောသုံးယောက် ကိုယ်တစ်ယောက် သူရလင်း၊ ဇေရာ၊ အုန်းသီး၊ ဗေဒါ၊ စိုပြေ၊ ရီရီပွင့်ဖြူ ပွင့်၊ ကစ်ကစ်၊ ကြူကြူသင်း၊ [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
- ၂၃။ အိုင်စီတီသုတ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ကမ္ဘည်းတွင်မယ့် ချင်သူရဲကောင်း (အပိုင်း-၂၉)**
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

ကမ္ဘာ့ပတ်ဝန်းကျင်နေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပ

ရန်ကုန် ဇွန် ၈

ကမ္ဘာ့ပတ်ဝန်းကျင်နေ့ အထိမ်းအမှတ်အဖြစ် စုပေါင်းသစ်ပင်စိုက်ပွဲကို ဇွန် ၅ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် မြက်ခင်းတွင်းပတ်လည်၌ ကျင်းပသည်။ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်၊ အတွင်းရေးမှူး ဦးခင်မောင်လတ်တို့ ဦးစီး၍ အမှုဆောင်အဖွဲ့ဝင်များ၊ ဟော်ကီကစားသမားများ၊ ဝါသနာရှင်များ စုစုပေါင်းအင်အား ၁၅၀ တို့ စက္ကူပန်းပင်နှင့် သရက်ပင် စုစုပေါင်း အပင် ၁၂၀ စိုက်ပျိုးခဲ့ကြသည်။ **(အပေါ်ပုံ)**

တာမွေမြို့နယ်

အလားတူ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ အလုပ်သမားဆေးရုံကြီး ရန်ကုန်ဝင်းအတွင်း အရိပ်ရသစ်ပင် ခရေ၊ ကံ့ကော်နှင့် ပန်းအလှပင်၊ စံပယ်၊ ကျောက်ခက်၊ ပွင့်တူရွက်တူပင်ရေ ၂၀၀ ကိုလည်း စိုက်ပျိုးခဲ့ကြသည်။ (၃၂)

မြန်မာနိုင်ငံ ဗိသုကာအသင်း ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၈

မြန်မာနိုင်ငံ ဗိသုကာအသင်းက စီစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာဆွေးနွေးပွဲ (၁၄/၂၀၁၀)ကို ဇွန် ၁၂ ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ(လှိုင်တက္ကသိုလ်နယ်မြေဝင်း) မြေညီထပ် Seminar Room ၌ ကျင်းပမည်ဖြစ်ရာ ယင်းဆွေးနွေးပွဲတွင် "Commercial Hotel Planning" ခေါင်းစဉ်ဖြင့် ဦးစည်သူမြင့်ဆွေက ဟောပြောဆွေးနွေးမည်ဖြစ်သည်။ CPD Talk ဖြစ်သဖြင့် registered architects များ မပျက်မကွက် တက်ရောက်ရန်နှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၈၇၆၃၅၀၀၊ ၀၉-၅၁၁၆၉၈၂နှင့် ၀၁-၇၂၃၁၀၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မြန်မာနိုင်ငံအနေဖြင့် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍ ရေရှည်တည်တံ့မှုကို ထိန်းသိမ်းထား

အနာဂတ်ကာလများတွင် လယ်ယာကဏ္ဍကြီးကို အခြေခံ၍ မြင့်မားသည့် ဖွံ့ဖြိုးတိုးတက်မှုနှုန်းရရှိအောင် ဆောင်ရွက်နိုင်သည့် အခြေအနေရှိ

❀ ရွှေဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဟိုချီမင်းမြို့ Inter Continental Asiana Saigon Hotel, Plenary Hall ၌ ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ် အမှုဆောင်ဥက္ကဋ္ဌ Dr. Klaus Schwab က တည်ခင်းဧည့်ခံသော အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

အဆိုပါ အခမ်းအနားသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာအပီဆစ်ဝဲ့ချာချီဝ၊ ကမ္ဘာ့စီးပွားရေးဖိုရမ်အမှုဆောင် ဥက္ကဋ္ဌ Dr. Klaus Schwab၊ ထိုင်းနိုင်ငံ ကုန်သွယ်ရေးကိုယ်စားလှယ်များဥက္ကဋ္ဌ Mr. Kiat Sittheemorn၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Committee of the Chinese People's Political Consultative Conference ဒုတိယဥက္ကဋ္ဌ Ms. Wang Zhizhen၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးခင်မောင်စိုးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကမ္ဘာ့စီးပွားရေးဖိုရမ် အမှုဆောင်ဥက္ကဋ္ဌ Dr. Klaus Schwab က တည်ခင်းဧည့်ခံသော ၂၀၁၀ ခုနှစ် အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ် အလုပ်သဘော နေ့လယ်စာစားပွဲကိုကျင်းပရာ နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ သက်ဆိုင်ရာနိုင်ငံများမှ အဖွဲ့အစည်းအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်၍ နေ့လယ်စာအတူတကွ သုံးဆောင်ကြသည်။

ယင်းနောက် မဲခေါင်ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ဦးဆောင်မှုအခန်းကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အခမ်းအနားမှူးအဖြစ် ကမ္ဘာ့စီးပွားရေးဖိုရမ် အာရှရေးရာဌာန ညွှန်ကြားရေးမှူး Mr. Sushant Palakurthi Rao က ဆောင်ရွက်သည်။

ရှေးဦးစွာ ကမ္ဘာ့စီးပွားရေးဖိုရမ် အမှုဆောင်ဥက္ကဋ္ဌ Dr. Klaus Schwab၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာအပီဆစ်ဝဲ့ချာချီဝတို့က ဆွေးနွေးပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က ဆွေးနွေးပြောကြားရာတွင် မဲခေါင်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝ သယံဇာတ အရင်းအမြစ်များ ထိန်းသိမ်းကာကွယ်ရေးတို့အကြား ဘက်ညီမျှတအောင် ဘယ်လို လုပ်ဆောင်မလဲဆိုတဲ့ကိစ္စနှင့် ပတ်သက်၍ ပါဝင်ဆွေးနွေးလိုပါကြောင်း။

မဲခေါင်ဒေသအတွင်းရှိ နိုင်ငံများသည် နိုင်ငံအချင်းချင်း ပိုမိုပေါင်းစည်းရေးနှင့် ဒေသအတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မဲခေါင်ဒေသခွဲ (ဂျီအမ်အက်စ်)စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ဦးစားပေးလုပ်ငန်းကဏ္ဍ(၉)ရပ်ကို လုပ်ငန်းစီမံချက်များချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအသီးသီးတွင် ကိုယ်ပိုင် စီမံကိန်းများ၊အစီအစဉ်များကို သီးခြားချမှတ်လုပ်ဆောင်နေမှုများ ရှိသကဲ့သို့ ဒေသခွဲတစ်ခုလုံး၏ အကျိုးစီးပွားအတွက် ဒေသခွဲအဆင့် လုပ်ငန်းစီမံချက်များတွင် ပူးပေါင်းဆောင်ရွက်မှုများ ရှိပါကြောင်း၊ ဒေသခွဲအဆင့် လုပ်ငန်းစီမံချက်များကို သက်ဆိုင်ရာ နိုင်ငံအသီးသီးတို့၏ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများတွင် ထည့်သွင်းအကောင်အထည်ဖော် ဆောင်ရွက်မှုများလည်း ရှိပါကြောင်း။

မဲခေါင်ဒေသသည် ရေ၊ မြေ၊ တောတောင်၊ အင်းအိုင်များနှင့်အတူ သဘာဝ သယံဇာတ ပေါကြွယ်ဝသည့် ဒေသကြီးဖြစ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်သည့်အခါ Natural resources များကို ထုတ်ယူအသုံးပြုမှုများရှိပါကြောင်း၊ အသုံးပြုသည့် သဘာဝ သယံဇာတ အရင်းအမြစ်များတွင် အသစ်ပြန်လည်ဖြစ်ထွန်းနိုင်သည့် (replenish) အရင်းအမြစ်များနှင့် ကုန်ခန်းသွားမည့် (depleted) အရင်းအမြစ်များ ဟူ၍ ရှိကြောင်း။

သဘာဝအရင်းအမြစ်များကို ရှာဖွေထုတ်ယူသုံးစွဲကြရာတွင် အချို့မှာ ပြန်လည်ပြည့်ဖြိုးသည့် သဘောရှိသော်လည်း အချို့မှာ သုံးစွဲမှု စနစ်တကျမရှိလျှင် တဖြည်းဖြည်း လျော့ပါးသွားမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ သဘာဝပတ်ဝန်းကျင်နှင့် ဆီလျော်ညီညွတ်မည့် နည်းပညာများကို အသုံးပြုခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့စွာ အသုံးပြုရေးနှင့် အရည်အသွေးပြည့်ဝသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုတို့ကို တစ်ပြိုင်နက်တည်း ဆောင်ရွက်သင့်ပါကြောင်း။

မဲခေါင်ဒေသခွဲ နိုင်ငံများအနေနှင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို သဟဇာတဖြစ်အောင် ဆောင်ရွက်နိုင်မှသာ ရေရှည်တည်တံ့မှုကို ထိန်းသိမ်းနိုင်မည်ဖြစ်ပါကြောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင် သဘာဝပတ်ဝန်းကျင် မပျက်စီးရေးကို အလေးဂရုပြုကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

နိုင်ငံများသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် အကောင်အထည်ဖော်နေသည့် လုပ်ငန်းစီမံချက်များအနက် သဘာဝသယံဇာတအရင်းအမြစ်များကို အသုံးပြု၍ လုပ်ဆောင်နေသည့် လုပ်ငန်းများနှင့် သုံးစွဲမှု ပမာဏမည်မျှရှိသည်ကို သတိပြုရန် လိုအပ်ကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန်အတွက် ကုန်ခန်းသွားမည့် သဘာဝအရင်းအမြစ်များကို အသုံးပြုခြင်းသည် အသစ်တစ်ဖန် ပြန်လည်၍ မရရှိနိုင်တော့သဖြင့် နိုင်ငံများအနေနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေး လုပ်ဆောင်ရာတွင် ရှိသည့်သယံဇာတပမာဏနှင့် ထုတ်ယူအသုံးပြုနိုင်သည့် အတိုင်းအတာတို့ကို ချိန်ဆချင့်ချိန်၍ ဆောင်ရွက်ရန် လိုအပ်ကြောင်း။

အဆွေတော်တို့အားလုံး သိရှိပြီးဖြစ်သည့်အတိုင်း မဲခေါင်ဒေသခွဲနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် သယံဇာတ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန် ဆောင်ရွက်မှုနှင့် သဘာဝသယံဇာတများ ထိန်းသိမ်းနိုင်မှု အခြေအနေတို့ကို အကျဉ်းချုပ်ရှင်းပြလိုပါကြောင်း။

မြန်မာ့ စီးပွားရေးသည် လယ်ယာကို အဓိက အခြေခံနေသေးသည်ကို တွေ့မြင်နိုင်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍတို့ ပါဝင်သည့် လယ်ယာကဏ္ဍကြီး၏ ရေရှည်တည်တံ့မှုကို ထိန်းသိမ်းထားပါကြောင်း။

လယ်ယာကဏ္ဍတွင် အသားတင်စိုက်ဧရိယာမှာ စိုက်ပျိုးနိုင်သည့် မြေဧရိယာ၏ ၆၇ ဒသမ ၃ ရာခိုင်နှုန်းရှိသဖြင့် စိုက်ပျိုးမြေဧရိယာ တိုးချဲ့ရန် အလားအလာများစွာ ကျန်ရှိနေပါကြောင်း၊ မြင်သာသည့် အနာဂတ်ကာလများတွင် လယ်ယာကဏ္ဍကြီးကို အခြေခံ၍ မြင့်မားသည့် ဖွံ့ဖြိုးတိုးတက်မှုနှုန်းရရှိအောင် ဆောင်ရွက်နိုင်သည့် အခြေအနေရှိပါကြောင်း၊ Horizontal Growth နှင့် Vertical Growth နှစ်မျိုးစလုံးကို တိုးချဲ့နိုင်ဦးမည်ဖြစ်ပါကြောင်း၊ လယ်ယာကဏ္ဍကြီးတွင် ရေရှည် တည်တံ့မှုရှိ၍ ပြုန်းတီးမှုမဖြစ်ဘဲ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ပါကြောင်း။

သားငါးကဏ္ဍတွင် လေ့လာမှုပြုလုပ်၍ တစ်နှစ်လျှင် အများဆုံး ဖမ်းနိုင်သည့် ငါးတန်ချိန်ကို သတ်မှတ်ထားပြီး ယင်းသတ်မှတ်ချက်အတွင်းသာ ဖမ်းဆီးစေပါကြောင်း၊ သားငါး၊ သယံဇာတ ရေရှည်တည်တံ့မှုရှိစေရေးအတွက် ထိန်းသိမ်းထားပါကြောင်း။

အလားတူ သစ်တောကဏ္ဍတွင်လည်း ရေရှည်တည်တံ့မှုရှိရေးအတွက် နှစ်စဉ်သတ်မှတ်ထားသည့် အရေအတွက်ကိုသာ ခုတ်လှဲခွင့်ပြုပါကြောင်း၊ နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်ရေးစီမံချက်များ၊ သစ်တောပြုစုပျိုးထောင်ရေး၊ ပြန်လည်ထိန်းသိမ်းရေးနှင့် စိုက်ပျိုးရေးအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

သဘာဝသယံဇာတ ပြုန်းတီးနိုင်သည့်ကဏ္ဍမှာ စက်မှုလက်မှုကဏ္ဍ ဖြစ်ပါကြောင်း၊ စက်မှုလက်မှုကဏ္ဍသည် တိုင်းပြည်စီးပွားရေး၏ ၁၇ ရာခိုင်နှုန်းကျော် ပါဝင်ပါကြောင်း၊ သတ္တု၊ ရေနံအစရှိသည့် ပြုန်းတီးနိုင်သည့် သယံဇာတကို အသုံးပြုသည့် လုပ်ငန်းများ များစွာ မရှိသေးပါကြောင်း၊ ပြုန်းတီးနိုင်မည့် သယံဇာတကို အခြေခံသည့် သတ္တု၊ ရေနံနှင့် အခြားသော စက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုတန်ဖိုးမှာ စက်မှုလက်မှုကဏ္ဍ ထုတ်လုပ်မှုတန်ဖိုး၏ ၄ ဒသမ ၁ ရာခိုင်နှုန်းခန့်သာ ရှိပါကြောင်း။

လျှပ်စစ်ထုတ်လုပ်မှု ကဏ္ဍတွင်လည်း ရေအားလျှပ်စစ်ထုတ်လုပ်မှုသည် အဓိကဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ပြုန်းတီးမှု မဖြစ်ပေါ်စေရန် သစ်တောများ ပြန်လည်ပြုစုပျိုးထောင်ခြင်း (Reforestation)၊ ရေဝေရေလဲဒေသ ထိန်းသိမ်းထားရှိခြင်း (Conservation of Water Shed) များ ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို ကြိုးပမ်းဆောင်ရွက်ရာတွင် ပြုန်းတီးသွားနိုင်သည့် (Non renewable resources)ကို အသုံးပြုမှု နည်းပါးပြီး ပြန်လည်ဖြည့်ဆည်းနိုင်သည့် (Replenishable or Renewable resources)ကိုသာ အခြေပြုလျက်ရှိပါကြောင်း၊ ထို့ကြောင့် မြင်သာသော အနာဂတ်တွင် Natural resources ကုန်ခန်းမှုအတွက် စိုးရိမ်ဖွယ်မရှိပါကြောင်း၊ နောင်လာမည့် မြင်သာသော အနာဂတ်တွင် သဘာဝသယံဇာတ အခြေအနေများကို ပြုန်းတီးမှုမရှိအောင် ဆက်လက်ထိန်းသိမ်းထားရင်း တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း သယံဇာတ ပြုန်းတီးမှုမပါဝင်သော ဝန်ဆောင်မှုကဏ္ဍကို နိုင်ငံစီးပွားဖွံ့ဖြိုးရေးအတွက် တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်းတို့က ဆွေးနွေးပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် အခမ်းအနားသို့တက်ရောက်လာကြသော နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ သက်ဆိုင်ရာ နိုင်ငံများမှ အဖွဲ့အစည်းအကြီးအကဲများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို ကြိုးပမ်းဆောင်ရွက်ရာတွင် ပြုန်းတီးသွားနိုင်သည့် (Non renewable resources) ကို အသုံးပြုမှု နည်းပါးပြီး ပြန်လည်ဖြည့်ဆည်းနိုင်သည့် (Replenishable or Renewable resources) ကိုသာ အခြေပြုလျက်ရှိ၊ ထို့ကြောင့် မြင်သာသော အနာဂတ်တွင် Natural resources ကုန်ခန်းမှုအတွက် စိုးရိမ်ဖွယ်မရှိ။

နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် နယ်ပယ် ၁၂ ခုကို ရွေးချယ်ကြိုးပမ်းဆောင်ရွက်လျက်ရှိ နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ရရှိလာအောင် ညှိနှိုင်းဆောင်ရွက်မည်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်

မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းမှုမြင့်တင်ရေးနှင့် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီရန်အသင့်ရှိ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုးပမ်းနေမှုများကို ထောက်ခံရပ်တည်သွားမည်

ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း

✻ နိုင်ငံတော်ဝန်ကြီးချုပ်မှ

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးခင်မောင်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တက်ရောက်

ထို့အတူ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Nguyen Tan Dzung နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက သီးသန့်ညှိခန်းဆောင် အခန်းအမှတ် (၂၀၁၀)မှ ကြိုဆိုနှုတ်ဆက်ပြီးနောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပကြသည်။

ဆွေးနွေးပွဲတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက ပြောကြားရာ၌ အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ အဆွေတော် ဝန်ကြီးချုပ် ပါဝင်တက်ရောက် ဆွေးနွေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မဲခေါင်ဒေသတွင်း နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံမှ အဆွေတော်ဝန်ကြီးချုပ်လည်း ပါဝင်တက်ရောက်မှုကြောင့် မိမိတို့ စီးပွားရေးဖိုရမ်အောင်မြင်ရေးအတွက် အထောက်အကူပြုစေသည့်အပြင် ပိုမိုအဓိပ္ပာယ်ရှိသည့် ဆွေးနွေးပွဲတစ်ရပ်ဖြစ်စေခဲ့ပါကြောင်း။

အောင်မြင်မှုများရရှိ

မိမိ မြန်မာနိုင်ငံသို့ ဧပြီလက သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဆွေတော်ဝန်ကြီးချုပ်တို့က လက်ခံတွေ့ဆုံ ဆွေးနွေးပေးခဲ့ခြင်းအတွက် လည်းကောင်း၊ နွေးထွေးစွာ ကြိုဆိုဧည့်ဝတ်ပြုခဲ့မှုများ အတွက်လည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း၊ အဆွေတော်တို့ဘက်မှ ကူညီပံ့ပိုး စီစဉ်ဆောင်ရွက်ပေးမှုများကြောင့် မိမိ၏ခရီးစဉ် အောင်မြင်မှုများ ရရှိခဲ့ပါကြောင်း။

မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှာ ချစ်ကြည်ရင်းနှီးမှုရှိပြီး နိုင်ငံများဖြစ်ကြပါကြောင်း၊ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်နေသည့် အဆင့် (၇)ဆင့်ပါ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များ အောင်မြင်စေရေးအတွက် ဆုမွန်ကောင်းများ တောင်းပေးနေပါကြောင်း၊ ယခုအခါ မိမိတို့နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ အထူးတိုးတက်ကောင်းမွန်လျက်ရှိနေပါကြောင်းဖြင့် ပြောကြားသည်။

ကျေးဇူးတင်ရှိ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က ပြောကြားရာတွင် ဗီယက်နမ် နိုင်ငံအနေဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင်သာ ကျင်းပလေ့ရှိသည့် အရှေ့အာရှ ကမ္ဘာ့စီးပွားရေး ဖိုရမ်ကို အိမ်ရှင်အဖြစ် ပထမဆုံး လက်ခံကျင်းပပေးနိုင်ခြင်းအတွက် များစွာဂုဏ်ယူပါကြောင်း၊ မြန်မာနှင့် ဗီယက်နမ်တို့မှာ ချစ်ကြည်ရင်းနှီးသည့် နိုင်ငံများဖြစ်ကြပြီး နိုင်ငံတကာနှင့် ဒေသတွင်းမျက်နှာစာများတွင် အပြန်အလှန် ကူညီထောက်ခံမှုများ ပေးလျက်ရှိကြပါကြောင်း၊ မြန်မာနိုင်ငံဘက်မှ ထောက်ခံရပ်တည်ပေးနေမှုများအတွက် များစွာကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်ရန် နယ်ပယ် ၁၂ ခုကို ရွေးချယ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ရရှိလာအောင် ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေး တိုးတက်မှုအခြေအနေကို အကျဉ်းမျှရှင်းပြလိုပါကြောင်း၊ ယခုနှစ် ကျင်းပမည့် ရွေးကောက်ပွဲအတွက် လိုအပ်သည့် ဥပဒေများ ထုတ်ပြန်ခဲ့ပြီး ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ကိုလည်း ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ ယခုအခါ ပါတီများ ဖွဲ့စည်းတည်ထောင်မှုများကို လက်ခံစိစစ်ဆောင်ရွက်ပေးနေရာတွင် ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့်ပါတီ ၄၂ ပါတီ ရှိပြီဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

အဆင်သင့်ရှိ

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က နှစ်နိုင်ငံ ဆက်ဆံရေး၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးများကို ဒေသတွင်း အဖွဲ့အစည်းများတွင်သာမက နိုင်ငံတကာ မျက်နှာစာတွင်ပါ ပြုလုပ်လျက်ရှိကြပါကြောင်း၊ မိမိတို့ အနေဖြင့် ဆက်လက်ကူညီပံ့ပိုးထောက်ခံမှုများ ပေးအပ်သွားရန် အဆင်သင့်ရှိပါကြောင်း။

ပြန်လည်ပြောကြား

မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းမှုမြင့်တင်ရေးနှင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် ကူညီရန် အသင့်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို ထောက်ခံပြောကြား ရပ်တည်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Nguyen Tan Dzung ဟိုချီမင်းမြို့ရှိ Inter Continental Asiana Saigon Hotel ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ဩစတြေးလျနိုင်ငံအစိုးရ အကူအညီပေးရေးအေဂျင်စီမှ Assistant Director General, Mr. Michael Wilson လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့်အား ဩစတြေးလျနေသဟာယနိုင်ငံမှ ဧည့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၈

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ဩစတြေးလျနိုင်ငံအစိုးရ အကူအညီပေးရေးအေဂျင်စီ (AUS AIDS)မှ Assistant Director General, Mr. Michael Wilson သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနေသဟာယနိုင်ငံ သံအမတ်ကြီး H.E Ms. Michelle Su-Wen Chan နှင့်အတူ ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ဩစတြေးလျနိုင်ငံ အစိုးရ အကူအညီပေးရေး အေဂျင်စီ အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း အခြေအနေများနှင့် မြန်မာနိုင်ငံ သူနာပြုတက္ကသိုလ်၌ ဖွင့်လှစ်သင်ကြားရန်ရှိသည့် ပါရဂူဘွဲ့သင်တန်းကိစ္စရပ်များ အပါအဝင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းသို့ တွေ့ဆုံရာ၌ ကျန်းမာရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မေ ၂၈ ရက်တွင် မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းလမ်းတစ်လျှောက် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသန်းထွန်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ ငုယင်မင်ကျစ်က တည်ခင်းဧည့်ခံသော အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ်ဖွင့်ပွဲ အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်

နေပြည်တော် ဇွန် ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဇွန် ၆ ရက် ည ၇ နာရီတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့ရှိ Reunification Palace ၌ကျင်းပသည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ ငုယင်မင်ကျစ်က တည်ခင်းဧည့်ခံသော ၂၀၁၀ ခုနှစ် (၁၉)ကြိမ်မြောက် အရှေ့အာရှကမ္ဘာ့စီးပွားရေးဖိုရမ်ဖွင့်ပွဲ အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ ၂၀၁၀ ခုနှစ် အရှေ့အာရှကမ္ဘာ့စီးပွားရေးဖိုရမ် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတငုယင်မင်ကျစ်အား တစ်ဦးချင်း တွေ့ဆုံနှုတ်ဆက်ကြသည်။

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ ငုယင်မင်ကျစ်က Phong hop hoi Dong Noi Cac The Cabinet အစည်းအဝေးခန်းမဆောင်၌ ၂၀၁၀ ခုနှစ် အရှေ့အာရှကမ္ဘာ့စီးပွားရေးဖိုရမ် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ၂၀၁၀ ခုနှစ် အရှေ့အာရှကမ္ဘာ့စီးပွားရေးဖိုရမ်ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ည ၇ နာရီတွင် ဟိုချီမင်းမြို့ရှိ Reunification Palace ၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ ငုယင်မင်ကျစ်က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်၍ ညစာ အတူတကွ သုံးဆောင်ကြသည်။

ညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ရိုးရာယဉ်ကျေးမှုအဖွဲ့က ရိုးရာယဉ်ကျေးမှုအဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ဟိုချီမင်းမြို့ရှိ Reunification Palace ၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ ငုယင်မင်ကျစ်က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ ငုယင်မင်ကျစ် ၂၀၁၀ ခုနှစ် (၁၉)ကြိမ်မြောက် အရှေ့အာရှကမ္ဘာ့စီးပွားရေးဖိုရမ် ဖွင့်ပွဲအထိမ်းအမှတ် ညစာစားပွဲတွင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

(သတင်းစဉ်)

တွေ့ဆုံဆွေးနွေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းတို့ ဟိုချီမင်းမြို့ Inter Continental Asiana Saigon Hotel ၌ တွေ့ဆုံဆွေးနွေးကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇွန် ၈

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဇွန် ၆ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် Inter Continental Asiana Saigon Hotel, Plenary Hall ရှိ သီးသန့်ဧည့်ခန်း၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းနှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးခင်မောင်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့အတူ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံရင်းနှီးချစ်ကြည်မှု တိုးမြှင့်ခိုင်မာရေး၊ နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ၂၀၁၀ ခုနှစ် အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇွန် ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပသည့် ၂၀၁၀ ခုနှစ် အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့ပြီးနောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ တာဝန်ရှိသူများနှင့်အတူ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ပြည်ထောင်စုမြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် ဇွန် ၇ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ခေတ္တတည်းခိုသည့် Sheraton Saigon ဟိုတယ်မှ ဟိုချီမင်းမြို့ Tan Son Nhat အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အထူးယာဉ်တန်းဖြင့် ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့ ပြည်သူ့ကော်မတီအရာရှိချုပ် Mr. Vo Van Luan နှင့် တာဝန်ရှိသူများ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်စိုး၊ စစ်သံမှူး ဗိုလ်မှူးကြီးတင်ထွန်းအေးနှင့် သံရုံးဝန်ထမ်းများက Tan Son Nhat လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့ Tan Son Nhat လေဆိပ်မှ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ပြည်ထောင်စုမြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့ကြရာ နေပြည်တော်သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးစိုးသာအား မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသည့် ဗီယက်နမ် ရင်းနှီးမြှုပ်နှံသူများအသင်း ဥက္ကဋ္ဌ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၈

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပသည့် အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံသည့် ဗီယက်နမ်နိုင်ငံ ဗီယက်နမ်ရင်းနှီးမြှုပ်နှံသူများအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့သည် ဇွန် ၆ ရက် မွန်းလွဲ ၁ နာရီတွင် ဟိုချီမင်းမြို့ Sheraton Hotel ရှိ သီးသန့် ညှိခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဝန်ကြီး ဦးစိုးသာနှင့်အတူ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်လှဲ့လှဲ့သိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသည့် ဗီယက်နမ် ရင်းနှီးမြှုပ်နှံသူများအသင်းဥက္ကဋ္ဌ Mr. Tran Bac Ha နှင့်အတူ ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှုဘဏ် ဥက္ကဋ္ဌ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံဆွေးနွေးရာ၌ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး နယ်ပယ်များဖြစ်သည့် ခရီးသွားလုပ်ငန်းကဏ္ဍ၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဆက်သွယ်ရေးလုပ်ငန်းကဏ္ဍ၊ သတ္တုလုပ်ငန်းကဏ္ဍများနှင့် စပ်လျဉ်း၍ လက်ရှိဆောင်ရွက်မှု အခြေအနေများနှင့် တိုးမြှင့်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးကြသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံသည့် ဗီယက်နမ်နိုင်ငံ ဗီယက်နမ်ရင်းနှီးမြှုပ်နှံသူများအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ ဟိုချီမင်းမြို့ Sheraton Hotel ၌ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါရုံးဝင်းအတွင်း၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး တက်ရောက်၍ စိန်တစ်လုံးသရက်ပင်ကို စိုက်ပျိုးပေးသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ ဌာနဆိုင်ရာ ဝန်ထမ်းများ တက်ရောက်ကြပြီး သတ်မှတ်နေရာအသီးသီး၌ သစ်ပင်များကို စိုက်ပျိုးကြသည်။ ယနေ့ စိုက်ပျိုးသော အရိပ်ရပင်နှင့် နှစ်ရှည်ပင်များမှာ သရက်ပင်၊ ပိန္နဲပင်၊ တည်ပင်နှင့် ကုက္ကိုပင် စုစုပေါင်း ၁၂၆ ပင် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ၌ စိန်တစ်လုံး သရက်ပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်း ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၈

၂၀၁၀ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲအား ရန်ကုန်မြို့ သုဝဏ္ဏ ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲရုံ၌ ဇွန် ၂၀ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် အမျိုးသားအလွတ်တန်း၊ လူသစ်တန်းနှင့် အမျိုးသမီးအလွတ်တန်း သုံးယောက်တွဲ၊ နှစ်ယောက်တွဲ ပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်လိုသော အသင်းများသည် ဇွန် ၁၇ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် (သုဝဏ္ဏ) ဖုန်း- ၅၇၇၄၆၁ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ပြီး ဆုကြေးငွေများကိုလည်း ထိုက်တန်စွာ ချီးမြှင့်ပေးမည်ဖြစ်သည်။

(မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်)

ဥတုရာသီ တောကိုမှီ၏

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ "အပါယ်နှုတ်ခမ်းလွတ်လမ်းကိုရှာ" တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
- ၆း၅၀ ထူးခြားသောဘူမိအနေအထားနှင့် ဖူးမဝသော ကျိုက်ထီးရိုးစေတီ
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၁)**
- ၈း၃၀ Sports World
- ၈း၅၅ Activities In the City -အထက(၄)တာမွေ မြတ်ဆရာပူဇော်ပွဲ -International School of Myanmar ပန်းချီပြိုင်ပွဲ
- ၉း၂၀ အားကစားမြင်ကွင်းစုံ
- ၁၀း၁၅ Raffles Medical Group Raffles ဆေးရုံကြီးမှ နှလုံးအထူးကု ဆရာဝန်ကြီးနှင့်ဆွေးနွေးခြင်း (အပိုင်း-၂)
- ၁၀း၄၀ သာသနာ၏အထွတ် မှန်ကင်းရှင်ပြုခြင်း
- ၁၀း၅၀ Praram-9 Hospital (အပိုင်း-၃)
- ၁၁း၁၅ Industrial Talk
- ၁၁း၄၅ စုပေါင်းညီညာအောင်ကြောင်းဖြာ
- ၁၂း၀၀ ခါတ်ပုံထဲမှ အမှတ်တရများ (Bambino)
- ၁၂း၃၀ လျှပ်စစ်လိုင်းများဖြတ်သန်းစီးဆင်းစေရာ (အပိုင်း-၁)
- ၁၂း၅၀ မြေလတ်ဒေသ၏လက်ဆောင်
- ၁း၀၀ "အပါယ်နှုတ်ခမ်းလွတ်လမ်းကိုရှာ" တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ စကားနပန်း (အချောင်ရတာကောင်းတယ်၊ အချောင်မရတာကောင်းတယ်)
- ၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၁)**
- ၄း၁၅ Activities In the City -အထက(၄)တာမွေ မြတ်ဆရာပူဇော်ပွဲ -International School of Myanmar ပန်းချီပြိုင်ပွဲ
- ၄း၄၅ သာသနာ၏အထွတ် မှန်ကင်းရှင်ပြုခြင်း
- ၄း၅၅ လှမ်းခဲ့ပါဆွေ "မနောမြေ"
- ၅း၀၅ ရန်ကုန်မြင်ကွင်းကျယ် (Lucky Bird Group of Companies ၏ 2010 နှစ်လည် ကံစမ်းမဲဖွင့်ပွဲနှင့် TOSHIBA မိတ္တူကူးစက် ပစ္စည်းသစ်မိတ်ဆက်ပွဲ)
- ၅း၂၀ စုပေါင်းညီညာအောင်ကြောင်းဖြာ
- ၅း၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ခါတ်ပုံထဲမှ အမှတ်တရများ (Bambino)
- ၆း၄၅ Praram-9 Hospital (အပိုင်း-၃)
- ၇း၁၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ရှယ်လီထွား)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း (အချောင်ရတာကောင်းတယ်၊ အချောင်မရတာကောင်းတယ်)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၁)**
- ၁၀း၀၀ Raffles Medical Group Raffles ဆေးရုံကြီးမှ နှလုံးအထူးကု ဆရာဝန်ကြီးနှင့်ဆွေးနွေးခြင်း (အပိုင်း-၂)
- ၁၀း၂၅ ဗီဒီယိုပြခန်း
- ၁၀း၄၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁း၀၅ ရန်ကုန်မြင်ကွင်းကျယ် (Lucky Bird Group of Companies ၏ 2010 နှစ်လည် ကံစမ်းမဲဖွင့်ပွဲနှင့် TOSHIBA မိတ္တူကူးစက် ပစ္စည်းသစ်မိတ်ဆက်ပွဲ)
- ၁၁း၁၅ Industrial Talk
- ၁၁း၄၀ Say It In English
- ၁၁း၅၅ ကမ္ဘာ့စုံလင်အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံတောင်ပိုင်း မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မိုးကုတ်မြို့တွင် ၃ ဒသမ ၅၁ လက်မ၊ ဘီးလင်းမြို့တွင် ၂ ဒသမ ၀၉ လက်မ၊ ကော့ကရိတ်မြို့တွင် ၁ ဒသမ ၆၁ လက်မ၊ သီပေါမြို့တွင် ၁ ဒသမ ၄၂ လက်မ၊ ဟုမ္မလင်းမြို့တွင် ၁ ဒသမ ၃၈ လက်မနှင့် ဗန်းမော်မြို့တွင် ၁ ဒသမ ၂၂ လက်မ၊ လားရှိုးမြို့နှင့် ကသာမြို့တို့တွင် ၁ ဒသမ ၁၀ လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇွန် ၉ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မအူပင်-ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်းပေါ်ရှိ ရာဇူဒိုင်တံတား အမှတ်(၁) အပြီးသတ်သံပေါင်ရွှေမှုလီတပ်ဆင်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးများ တည်ဆောက်ရေးအဖွဲ့(၅)က တာဝန်ယူတည်ဆောက်နေသော ဧရာဝတီတိုင်း မအူပင်-ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်းပေါ်ရှိ ရာဇူဒိုင်တံတား အမှတ်(၁) အပြီးသတ် သံပေါင်ရွှေမှုလီတပ်ဆင်ခြင်း အခမ်းအနားကို ဇွန် ၇ ရက် နံနက် ၁၀ နာရီခွဲတွင် အဆိုပါ တံတားပေါ်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဝန်ကြီး ဦးခင်မောင်မြင့်တို့က ရာဇူဒိုင်တံတား အမှတ်(၁)တွင် အပြီးသတ် သံပေါင်ရွှေမှုလီများကို တပ်ဆင်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် တံတားပေါ်မှ ဖြတ်သန်း၍ တံတားကြမ်းခင်းများ ခင်းပြီးမှုနှင့် တံတားလက်ရမ်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် ဆောင်ရွက်သွားရန် မှာကြားသည်။

ရာဇူဒိုင်တံတား အမှတ်(၁)မှာ ယာဉ်တစ်လမ်းသွား သံမဏိသံပေါင် အခန်းငါးခန်းပါရှိ၍ တံတားအရှည် ၁၉၅၅ ပေရှိပြီး ယာဉ်သွားလမ်းအကျယ်ပေ ၂၀၊ လူသွားလမ်း တစ်ဖက်လျှင်နှစ်ပေစီ ပါရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် (၆၀) ဖြစ်သည်။

ယခုအခါ ရာဇူဒိုင်တံတား အမှတ်(၁)တွင် သံပေါင်ငါးခန်းပါရှိသည့်အနက် အပြီးသတ် သံပေါင်တပ်ဆင်ပြီးဖြစ်၍ ကျန်ရှိသည့် တံတားဆက်စပ်လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် နေ့/ညမပြတ်ဆောင်ရွက်လျက်ရှိပြီး ရာဇူဒိုင်တံတား အမှတ်(၁) ပြီးစီးသွားပါက ရန်ကုန်မြို့မှ မော်လမြိုင်ကျွန်းမြို့သို့ မအူပင် - ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်းမှတစ်ဆင့် အချိန်တိုအတွင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်တို့ ရာဇူဒိုင်တံတား အမှတ်(၁)ပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

ကျောင်းအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး ဦးဆောင်ဆွေးနွေးသူများ သင်တန်းဖွင့်လှစ်

ရန်ကုန် ဇွန် ၈

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့ ပူးတွဲစီစဉ်သော ကျောင်းအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး ဦးဆောင်ဆွေးနွေးသူများ သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ် ဟိုတယ် ပတ္တမြားခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ Mr. Brend Shell တို့က အဖွင့်အမှာစကားပြောကြားကြသည်။

အဆိုပါသင်တန်းကို ဘေးအန္တရာယ်ကျရောက်နိုင်သည့်ဒေသရှိ ကျောင်းများတွင် ဒေသခံဆရာ၊ ဆရာမများအား ဆင့်ပွားသင်တန်းများ ဆောင်ရွက်ရေးအတွက် လေ့ကျင့်သင်ကြားပေးရန်နှင့် ကျောင်းအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးအဖွဲ့ (SBDRRT Team)များ ဖွဲ့စည်းကာ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကာလမှာ ဇွန် ၇ ရက်မှ ဇွန် ၁၃ ရက်အထိ ဖြစ်သည်။

တက်ရောက်

သင်တန်းတွင် နာဂစ်မုန်တိုင်းသင့်ဒေသငါးမြို့နယ်နှင့် ပဲခူးတိုင်း(အရှေ့ပိုင်း)ငါးမြို့နယ်တို့မှ ပညာရေးမှူး၊ လက်ထောက်ပညာရေးမှူး၊ ကြက်ခြေနီဒုတိယတပ်ရင်းမှူး၊ တပ်ခွဲမှူး၊ ဒေသခံဆရာ၊ ဆရာမနှစ်ဦးစီဖြင့် ဧရာဝတီတိုင်းမှ ၃၀ နှင့် ပဲခူးတိုင်း (အရှေ့ပိုင်း) မှ ၃၀ စုစုပေါင်း ၆၀ တို့ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် ရှေ့လုပ်ငန်းစဉ်အဖြစ် စီမံချက်ကျောင်းများတွင် ကျောင်းကြက်ခြေနီအသင်းများ ဖွဲ့စည်းပြီး ကျောင်းတွင်း ဘေးဒုက္ခကြိုတင်ပြင်ဆင်ရေးနှင့် လျော့ပါးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေ ကျောင်းအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး ဦးဆောင်ဆွေးနွေးသူများ သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (ကြက်ခြေနီ)

ဆန်စပါးအထူးပြုကုမ္ပဏီများ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၈

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းက ကြီးမှူး၍ ဆန်အထူးပြုကုမ္ပဏီများ၏ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI Office Tower) ပထမထပ်ရှိ မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ဆန်စပါးအထူးပြုကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဆန်စပါးလုပ်ငန်းရှင်များ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးလက်ရေရရေး

ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ကျေးလက်ရေရရှိရေးအတွက် မာလကာကုန်းကျေးရွာတွင် တွင်းတိမ်တူးဖော်ပြီးစီးမှုကို မေ ၂၂ ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦး ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မြို့ပြ ရေတံုကင်တွင်း ပြုပြင်မှုကြီးကြပ်

ရွှေကူ ဇွန် ၈

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ရန်လျာထားသော အမှတ်(၄) ရပ်ကွက် အောက်ဆွဲရေဘုံပိုင်တွင်းအား (၆×၆× ၂၅ ပေ) အုတ်စီနံရံပြုလုပ်မှုနှင့် ဘုံပိုင်အသစ်တပ်ဆင်မှုလုပ်ငန်းကို ဇွန် ၂ ရက်က အမှုဆောင်အရာရှိ ဦးခင်အောင်နီ ကြီးကြပ်စစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၃ ဦးပန်ထွန်းမိုး ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အများပြည်သူများ သန့်ရှင်းသောသောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် မေ ၁၇ ရက်တွင် အဖွဲ့ပိုင်ရေသယ်ယာဉ်ဖြင့် နန္ဒဝန်ရပ်ကွက်နေ ပြည်သူများအား တစ်နေ့ ရေဂါလန် ၃၆၀၀ ရေဖြန့်ဝေပေးနေမှုကို အမှုဆောင်အရာရှိ ဦးလင်းထွဋ်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သွေးလွန်တုပ်ကွေး ကာကွယ်ရေးဆောင်ရွက်

မြစ်ကြီးနား ဇွန် ၈

ကချင်ပြည်နယ် ကျန်းမာရေးဦးစီးဌာန၏ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အရှိန်အဟုန်မပြတ်ဆောင်ရွက်ရေးစီမံချက်ဖြင့် မြစ်ကြီးနားမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်လျက် မိခင်နှင့်ကလေး ကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမများက အနီးကပ်ကြီးကြပ်ပြီး ဒူကထောင်ရပ်ကွက် တာဝန်ခံသားဖွားဆရာမ ဒေါ်လွမ်းနော်နှင့် သားဖွားဆရာမများ၊ တာဝန်ခံ သားဖွားဆရာမ ဒေါ်လှလှမင်းနှင့် သူနာပြု/သားဖွားသင်တန်းကျောင်းမှ သူနာပြု/သားဖွားသင်တန်းသူများ၊ ဒူကထောင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆိုင်းခွမ်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း အင်အား ၅၀ ဖြင့် ဇွန် ၅ ရက်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များအတိုင်း ဒူကထောင်ရပ်ကွက်အတွင်း နေထိုင်ကြသော အိမ်ခြေပေါင်း ၇၉၀၊ လူဦးရေ ၇၅၁၆ ဦးတို့အတွက် ဆောင်ရွက်ပေးခဲ့ကြသည်။

ထို့အပြင် ရပ်ကွက်အတွင်းရှိ ရေတွင်း၊ ရေကန်များနှင့် နေအိမ်များအတွင်း ရေသိုလှောင်ထားရှိသည့် ပစ္စည်းများထဲသို့လည်း (အဘိတ်)ပိုးသတ်ဆေးမှုန့်များ ခတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဖျာပုံမြို့ ရေစီးရေလာကောင်းမွန်စေရေးအတွက် ပင်မရေဆိုးမြောင်းများနှင့် ရေမြောင်းသွယ်များ တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မေ ၂၅ ရက်က ရွှေနတ်ကူဘုရားလမ်း ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စုစုအောင် တာဝန်ယူဆောင်ရွက်နေမှုကို အင်ဂျင်နီယာမှူး ဦးတင်မောင်စိုး ကြီးကြပ်ဆောင်ရွက်စဉ်။ (၃၈၃)

စာပေသမားတို့၏ စကားဝိုင်း

ဟိန်းမြင့်

(ယမန်နေ့မှအဆက်)

"အမှုဆောင်ကော်မတီသစ်ဆိုလို့ မင်းတို့စာပေညီလာခံ အကြောင်းလည်း အကျဉ်းချုံးပြီး ဆက်ပြောပါဦး"

"စာပေညီလာခံ အဖွင့်နေ့မှာ အတွင်းရေးမှူး(၁)နဲ့ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးတို့က လမ်းညွှန်အမှာစကားပြောတယ်။ အတွင်းရေးမှူး(၁)က စာပေစာနယ်ဇင်းအဖွဲ့ကြီးအနေနဲ့ သမိုင်းပေးတာဝန်နဲ့အညီ အမျိုးသားရေးဆိုင်ရာလုပ်ငန်းတွေမှာ ရရှိခဲ့ပြီးတဲ့ အစဉ်အလာကောင်းတွေကို ဆက်လက်ကြိုးပမ်းထိန်းသိမ်းဆောင်ရွက်ဖို့၊ ပြည်သူတွေကို မှန်ကန်တဲ့အတွေးအခေါ်တွေ၊ မျိုးချစ်စိတ်ဓာတ်တွေရှိဖို့၊ နိုင်ငံတော်တည်ဆောက်ရေးနဲ့ အမျိုးသားရေးလုပ်ငန်းတွေမှာ ပြည်သူတွေ နိုးကြားစွာပါဝင်စေဖို့၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖျက်လိုဖျက်ဆီးပြုနေတဲ့ အဖျက်သမားတွေကို တွန်းလှန်ဖယ်ရှားဖို့၊ ပြည်ပသွေးထိုးမှုကြောင့် နိုင်ငံအများကြုံတွေ့နေရတဲ့ အနိဋ္ဌာရုံတွေကို ပြည်သူအများ သင်ခန်းစာယူကြစေဖို့၊ စတုတ္ထမဏ္ဍိုင်အဖြစ် ကျန်ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးမဏ္ဍိုင်ကြီးများ တည့်မတ်မှန်ကန်အောင် ထိန်းသိမ်းပေးဖို့ အဲဒါတွေအတွက် စာပေကျင့်ဝတ်နဲ့အညီ ရေးသားပြီး စာပေစွမ်းအားဖြင့် စည်းရုံးလှုံ့ဆော်ပေးကြပါလို့ မှာကြားလမ်းညွှန်သွားတယ်"

"ဟုတ်တာပေါ့ကွာ၊ စာပေစွမ်းအားဆိုတာ အင်မတန်လည်း ထက်မြက်တယ်။ စွမ်းအားလည်းအလွန်ကြီးမားပါတယ်။အမျိုးသားရေးအကျိုးစီးပွားကိုသာ ရှေးရှုတဲ့ စာပေသမားတွေရဲ့ ကလောင်တံက ထွက်ပေါ်လာတဲ့ စာပေအကျိုးပြုစွမ်းအားဟာ နိုင်ငံနဲ့ ပြည်သူတွေအတွက် အကျိုးကျေးဇူးကြီးမားစွာ ပေးနိုင်သလို အဖျက်အမှောင့်သမားတွေ လက်ထဲမှာရှိတဲ့ ကလောင်တံက စာပေအဖျက်စွမ်းအားဟာ နိုင်ငံနဲ့ ပြည်သူကို ဘေးဒုက္ခအန္တရာယ်ကြီးမားစွာနဲ့ ကြုံတွေ့စေနိုင်ပါတယ်။ ဒါကြောင့် အမျိုးသားရေး အကျိုးစီးပွားဘက်က အစဉ်ရပ်တည်တဲ့ စာပေစာနယ်ဇင်းအဖွဲ့ကြီးအနေနဲ့ စာပေစွမ်းအားနဲ့ အဖျက်သမားတွေရဲ့ လုပ်ရပ်တွေကို ရှင်းလင်းဖယ်ရှားသွားရမှာဖြစ်သလို ပြည်သူတွေရဲ့အတွေးအခေါ် အယူအဆတွေ မှန်ကန်အောင်၊ ပြုမူပြောဆိုလုပ်ဆောင်ချက်တွေ မှန်ကန်အောင်၊ အမျိုးသားရေးလမ်းကြောင်းပေါ်က သွေဖည်မသွားအောင်အတွက်လည်း ပညာပေးစည်းရုံးလှုံ့ဆော်သွားကြရမယ်လေ"

"ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရာမှာလည်း စာပေစာနယ်ဇင်းအဖွဲ့ကြီးဟာ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ မီဒီယာသမားတွေကို ဦးဆောင်နေတဲ့ အဖွဲ့ကြီးဖြစ်တာမို့ ကိုယ်ကိုယ်တိုင်ကလည်း အမျိုးသားရေးအကျိုးစီးပွားကို အစဉ်စွဲကိုင်ထားပြီး စာပေကျင့်ဝတ်နဲ့အညီ ရေးသားကြရမယ်။ နောင်ပေါ်ပေါက်လာတော့မယ့် ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးမဏ္ဍိုင်တွေကို တည့်မတ်မှန်ကန်အောင် ထိန်းကျောင်းပေးကြရမယ့် တာဝန်ရှိလာပြီမို့ စာပေစာနယ်ဇင်းအဖွဲ့ရဲ့တာဝန်က အလွန်ကြီးလေးလာတာကို သတိပြုပြီး ပြင်ဆင်ထားဖို့လဲလိုမယ်"

"ငါကတော့ တိုင်းပြည်အေးချမ်းမှုရဲ့တန်ဖိုး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရဲ့တန်ဖိုးကို ပိုပြီးအလေးထားတယ်။ တို့နိုင်ငံ မအေးချမ်းမီကာလက ပြည်သူတွေခံစားခဲ့ရတဲ့ ဒုက္ခဆင်းရဲတွေကိုလည်း မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရတာမို့ ကိုယ်ချင်းစာတယ်။ ဒါကြောင့် အဖျက်သမားတွေရဲ့လုပ်ရပ်တွေကို ဖော်ထုတ်တွန်းလှန်ဖယ်ရှားဖို့ လိုသလို စည်းလုံးခြင်းရဲ့ တန်ဖိုး၊ ငြိမ်းချမ်းခြင်းရဲ့ တန်ဖိုးကို တိုင်းရင်းသားပြည်သူတွေ၊ ငြိမ်းချမ်းရေးယူထားတဲ့ အဖွဲ့အစည်းတွေ နားလည်သဘောပေါက်အောင်၊ ပြည်ထောင်စု စိတ်ဓာတ်ကို အရင်းခံပြီး အမျိုးသားရေးအကျိုးစီးပွားကိုသာ တက်ညီလက်ညီ ဆောင်ရွက်နိုင်အောင်လည်း စာပေလောကသားတွေက စာပေစွမ်းအားနဲ့ အသိပညာ၊ ဗဟုသုတတွေပေးပြီး စည်းရုံး လှုပ်ရှားကြရမှာ အမှန်ပါပဲ"

"အတွင်းရေးမှူး(၁)လမ်းညွှန်မှာကြားသလိုပဲ နိုင်ငံကြီးအချို့က ဝင်ရောက်စွက်ဖက်ခြယ်လှယ်ခဲ့ကြလို့ တွေ့ကြုံခဲ့ရတဲ့ အနိဋ္ဌာရုံတွေ၊ အခုလက်ရှိလည်း အဲဒီအနိဋ္ဌာရုံတွေနဲ့ တွေ့ကြုံနေရဆဲ နိုင်ငံတွေ အများအပြားပဲလေ။ ဒါတွေကို ဒို့ပြည်သူအားလုံးသိအောင်၊ အထူးသဖြင့် တိုင်းရင်းသား ပြည်သူတွေ သိအောင်၊ သတိရှိကြရအောင်၊ ဆင်ခြင်နိုင်ကြရအောင် စာပေစွမ်းအားနဲ့ အမြဲမီးမောင်းထိုးပြီး ထောက်ပြ၊ ချပြ၊ ပညာပေးကြနဲ့ လုပ်ဆောင်ကြရမှာ မင်းတို့ငါတို့ စာပေသမားတွေရဲ့ တာဝန်ပဲမဟုတ်လား။ သမိုင်းပေးတာဝန်တွေလို့ပဲ ဆိုရမှာပေါ့"

"ဟုတ်တာပေါ့ကွာ၊ ဒါကို စာပေစာနယ်ဇင်းအဖွဲ့တွေ အားလုံး၊ စာပေလောကသားများအားလုံး၊ အထူးသဖြင့် စာပေလောကသားတွေကို ဦးဆောင်နေတဲ့ ဗဟိုအမှုဆောင်ကော်မတီက လက်ငင်းအရေးကြီးတာဝန်တစ်ခုအနေနဲ့ လုပ်ငန်းစဉ်ချမှတ်ပြီး ဆောင်ရွက်သင့်တယ်။ သက်ဆိုင်ရာ တိုင်းရင်းသားဘာသာနဲ့ ပြန်ဆိုထုတ်ဝေ ပညာပေးနိုင်ဖို့ တိုင်းရင်းသားများ နေထိုင်ရာ ဒေသမှာရှိကြတဲ့ မြို့နယ်စာပေစာနယ်ဇင်းအဖွဲ့တွေနဲ့ စနစ်တကျ စီမံသင့်တယ်လို့ထင်တယ်"

"ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရဲ့ လမ်းညွှန်မှာကြားချက်တွေကို ပြောပြပါဦး"

"ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးက ပထမဦးဆုံးလမ်းညွှန်ချက်အနေနဲ့ စေတနာ၊ ဝါသနာ၊ အနစ်နာခံ ဆောင်ရွက်နေကြသူတွေ အချင်းချင်း စည်းလုံးညီညွတ်စွာနဲ့ အဖွဲ့ကြီးရဲ့ဂုဏ်ကို ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်နေကြဖို့မှာသလို နောက်ဆုံးပိတ်လမ်းညွှန်ချက်မှာလည်း အချင်းချင်းစည်းလုံးညီညွတ်မှုကို မဏ္ဍိုင်ပြုပြီး အစဉ်ရှင်သန်နေတဲ့၊ အင်အားတောင့်တင်းသွက်လက်ထက်မြက်တဲ့ အဖွဲ့ကြီးဖြစ်အောင် စည်းရုံးလှုပ်ရှားမြှင့်တင်သွားကြဖို့ မှာပါတယ်။ စည်းလုံးညီညွတ်မှုရှိဖို့ကို အလေးထားမှာကြားတဲ့ သဘောတွေ့ရပါတယ်"

"စည်းလုံးညီညွတ်မှုဟာ အင်အားပဲမဟုတ်လား၊ စာပေလောကသားများအားလုံး စာပေစာနယ်ဇင်းအဖွဲ့ကြီးရဲ့ ထီးရိပ်အောက်မှာ ရောက်ရှိနေအောင် ကျယ်ကျယ်ပြန့်ပြန့်နဲ့ ဖောက်ချပြီး စည်းရုံးဖို့လိုမယ်။ ဗဟိုအမှုဆောင်ကော်မတီအတွင်းမှာ ရေပက်မဝင်တဲ့စည်းလုံး

> **တို့နိုင်ငံ မအေးချမ်းမီကာလက ပြည်သူတွေခံစားခဲ့ရတဲ့ ဒုက္ခဆင်းရဲတွေကိုလည်း မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရတာမို့ ကိုယ်ချင်းစာတယ်။ ဒါကြောင့် အဖျက်သမားတွေရဲ့ လုပ်ရပ်တွေကို ဖော်ထုတ်တွန်းလှန်ဖယ်ရှားဖို့လိုသလို စည်းလုံးခြင်းရဲ့တန်ဖိုး၊ ငြိမ်းချမ်းခြင်းရဲ့တန်ဖိုးကို တိုင်းရင်းသားပြည်သူတွေ၊ ငြိမ်းချမ်းရေးယူထားတဲ့အဖွဲ့အစည်းတွေ နားလည်သဘောပေါက်အောင်၊ ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံပြီး အမျိုးသားရေး အကျိုးစီးပွားကိုသာ တက်ညီလက်ညီ ဆောင်ရွက်နိုင်အောင်လည်း စာပေလောကသား တွေက စာပေစွမ်းအားနဲ့ အသိပညာ၊ ဗဟုသုတတွေပေးပြီး စည်းရုံးလှုပ်ရှားကြရမှာ အမှန်ပါပဲ။**

မှုရှိအောင်၊ ဗဟိုနဲ့ မြို့နယ်အဖွဲ့တွေကြားမှာလည်း အပြန်အလှန် လေးစားမှုကိုအခြေခံပြီး စည်းလုံးမှုရှိအောင်၊ မြို့နယ်စာပေအဖွဲ့အတွင်းမှာလည်း စည်းလုံးမှုရှိအောင် လုပ်ဆောင်ကြဖို့လိုမယ်။ ဒါမှ စာပေစာနယ်ဇင်းရဲ့စွမ်းအား၊ စွမ်းပကားတွေဟာ နိုင်ငံနဲ့ပြည်သူတွေအတွက် အားကိုးရမယ့်၊ အကျိုးဖြစ်စေမယ့် အဓိကစွမ်းအားတွေ ဖြစ်လာမယ်။ အမျိုးသားရေးအကျိုးစီးပွားကို ဖော်ဆောင်နိုင်မယ့် အဖွဲ့ကြီးအဖြစ် အစဉ်ရပ်တည်နိုင်မယ်လေ"

"ဝန်ကြီးက စာပေလောကသားတို့ရဲ့ အကျိုးစီးပွားကို ဖော်ဆောင်ပေးကြဖို့၊ သက်သာချောင်ချိမှုတွေကို ဆက်လက်ဆောင်ရွက်ပေးကြဖို့ ဖောင်ဒေးရှင်းလုပ်ငန်းတွေမှာ အားတက်သရော ကူညီကြဖို့လည်း မှာသေးတယ်"

"စာပေလောကသားအားလုံးနဲ့ စာပေလောကတစ်ရပ်လုံးရဲ့ အကျိုးစီးပွားအတွက် စာပေဈေးကွက်ကို ကျေးလက်ဒေသအရောက် ခြေဆန့်ပြီး ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ကြဖို့ ညွှန်ပြခဲ့သလိုပဲ။ နိုင်ငံတကာကို ထိုးဖောက်နိုင်ဖို့အတွက်လည်းရှိပြီး စာကောင်းပေမွန်တွေကို အင်္ဂလိပ်လို ဘာသာပြန်ထုတ်ဝေတာတို့၊ အင်္ဂလိပ်ဘာသာနဲ့ တိုက်ရိုက် ရေးသားထုတ်ဝေတာတို့ လုပ်ဆောင်ကြပါလို့ မှာပါတယ်"

"နောက်ပြီး စာပေသမားများ အရည်အသွေး တိုးတက်မြင့်မားလာဖို့အတွက် ဘာသာပြန်သင်တန်းတို့၊ ဆွေးနွေးဟောပြောပွဲတို့လုပ်ပြီး ပြုစုပျိုးထောင်ပေးကြဖို့နဲ့ စာနယ်ဇင်းပညာသင်တန်းတွေ၊ စာရေးနည်းအခြေခံသင်တန်းတွေကိုလည်း ဆက်လက်ဖွင့်လှစ်ပေးသွားဖို့ မှာပါတယ်"

"အဲဒီလမ်းညွှန်မှာကြားချက်တွေကိုကြည့်ရင် အကွက်စေ့စေ့နဲ့ မှာကြားထားတာကို တွေ့ရသလိုပဲ စာပေသမားတွေအပေါ် အလေးထားမှု၊ အားကိုးမှုကိုလည်း တွေ့နိုင်တယ်ဟေ့"

"အေး. . . ဟုတ်တယ်. . . စာပေလောကသားတို့ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ပေးပါလို့ဆိုရုံမက ဖော်ဆောင်ပေးရမယ့်နည်းလမ်းပါ ပေးထားတာတွေ့နိုင်တယ်။ စာပေဈေးကွက်ကို ကျေးလက်အထိခြေဆန့်ဖို့နဲ့ နိုင်ငံတကာကို ထိုးဖောက်ဖို့ဆိုပြီး ညွှန်ပြတယ်။ ကျေးလက်အထိ ဈေးကွက်ချဲ့နိုင်ဖို့အတွက် ကျေးလက်ပြည်သူတွေ စာဖတ်နိုင်တဲ့အဆင့်နဲ့ ကိုက်ညီတဲ့ ဆွဲဆောင်မှုလည်းရှိ၊ ပညာပေးရာလည်းရောက်တဲ့ စာအုပ်စာစောင်တွေကို သင့်တင့်မျှတတဲ့ဈေးနှုန်းနဲ့ ရေးသားထုတ်ဝေဖြန့်ချိပါတဲ့၊ ကျေးလက်ပြည်သူတွေ စာဖတ်လာအောင်လည်း စာဖတ်တဲ့ဝါသနာ ပါလာအောင်၊ စာဖတ်တဲ့ အလေ့အကျင့် ရှိလာအောင်၊ လှုံ့ဆော်စည်းရုံးပေးပါတဲ့၊ ကျေးလက်စာကြည့်တိုက်တွေ ရေရှည်တည်တံ့သက်ဝင်လှုပ်ရှားနေအောင်လည်း ဖောင်ဒေးရှင်းရဲ့ လုပ်ငန်းတွေကို အောင်မြင်အောင် ပူးပေါင်းပါဝင်လုပ်ကိုင်ပါတဲ့၊ အချင်းချင်းစည်းလုံးညီညွတ်စွာနဲ့ လုပ်ကိုင်ကြပါတဲ့ကွာ၊ တစ်ဆက်တစ်စပ်တည်း အကွက်စေ့စေ့ မှာကြားသွားတယ်လေ"

"နောက်ပြီး နိုင်ငံတော်အပိုင်းကလည်း နိုင်ငံတကာကို ထိုးဖောက်နိုင်ဖို့ စာအုပ်မှာကြားခြင်း၊ ဖြန့်ဝေခြင်းတွေမှာ အီလက်ထရွန်နစ်စနစ်နဲ့ အသုံးပြုနိုင်ဖို့ International Standard Book Number (ISBN) စနစ်ကို ကူးပြောင်းနိုင်အောင် ဆောင်ရွက်ပေးနေပြီကွ။ အခုဆိုရင် International ISBN Agency က မြန်မာနိုင်ငံကို အဖွဲ့ဝင်အဖြစ် လက်ခံခဲ့ပြီးပြီတဲ့လေ"

"ဒါ့အပြင် ဝန်ကြီးက စတုတ္ထမဏ္ဍိုင်နဲ့ ပတ်သက်ပြီးတော့လည်း မှာကြားသွားသေးတယ်ကွ။ ဒီမိုကရေစီနဲ့ ပတ်သက်ပြီး အတိတ်သမိုင်းက ဒီမိုကရေစီခေတ်မှာ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ စာနယ်ဇင်းသမားတွေရဲ့ အားနည်းချက်တွေအပေါ် သုံးသပ်သင်ခန်းစာရယူပြီး အနာဂတ်မှာ တည့်မတ်မှန်ကန်အောင် ထိန်းသိမ်းပေးဖို့၊ ဒီမိုကရေစီကျင့်သုံးရာမှာ ပြည်သူတွေက အဓိကကျတာမို့ "ပြည်သူ့မဏ္ဍိုင်"ကိုပါ တည့်မတ်မှန်ကန်စွာ ကျင့်သုံးနိုင်အောင်၊ ကျင့်သုံးတတ်အောင်၊ အသိပညာ၊ ဗဟုသုတတွေပေးပြီး ထိန်းကျောင်းတည့်မတ်ပေးဖို့၊ ဒီမိုကရေစီကို မှန်မှန်ကန်ကန် အနှစ်သာရရှိရှိ ကျင့်သုံးနိုင်အောင် အဓိကအင်အားစုသုံးရပ်ဖြစ်တဲ့ ပြည်သူရယ်၊ ပါတီအသီးသီးနဲ့ နိုင်ငံရေးသမားတွေရယ်၊ စာပေစာနယ်ဇင်းသမား (မီဒီယာသမား)တွေရယ်က အပြန်အလှန် ထိန်းကျောင်းဖော်ဆောင်ကြဖို့၊ ဖော်ဆောင်ရာမှာ ကိုယ်တိုင်ကလည်း မှန်မှန်ကန်ကန် ကျင့်သုံးနေရမှာ ဖြစ်သလို၊ အချင်းချင်းလည်း အပြန်အလှန် ထိန်းကျောင်းတည့်မတ်ပေးဖို့တွေကို လမ်းညွှန်မှာကြားခဲ့တယ်။ တစ်ဆက်တည်း ဘာပဲလုပ်လုပ် အမျိုးသားအကျိုးစီးပွားကို အခြေခံလုပ်ဆောင်ကြဖို့၊ ဒီမိုကရေစီဖော်ဆောင်ရာမှာလည်း အမျိုးသားအကျိုးစီးပွားကို အခြေခံကြဖို့ ဝန်ကြီးက လမ်းညွှန်မှာကြားခဲ့တယ်လေ"

"အေး တစ်ခေတ်တစ်ခါက ဒို့နိုင်ငံရဲ့ ဒီမိုကရေစီကျင့်သုံးခဲ့မှုမှာ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ မီဒီယာသမားတွေက အမျိုးသားရေးအကျိုးစီးပွားအပေါ် မရပ်တည်ခဲ့ဘဲ ကိုယ့်နှစ်သက်ရာပါတီအပေါ် ဘက်လိုက်ရေးသားမှုတွေ၊ စာပေကျင့်ဝတ်နဲ့မညီတဲ့ ရေးသားမှုတွေ စတဲ့ အားနည်းချက်တွေ ရှိခဲ့သလိုပဲ နိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးသမားတွေကလည်း နိုင်ငံ့အကျိုးထက် ကိုယ့်ပါတီအကျိုး၊ ကိုယ့်အကျိုးကိုသာ ရှေးရှုလုပ်ဆောင်ခဲ့ကြတာမို့ နိုင်ငံတော်ကြီး ပြိုကွဲရတော့မယ့် အခြေအနေအထိ ကျရောက်ခဲ့တာ ဒို့အားလုံးရဲ့ ကိုယ်တွေ့ပဲလေ။ ဒါကြောင့် **အခုတစ်ကြိမ် ဒီမိုကရေစီစနစ်ကို အသွင်ကူးပြောင်းပြီး နိုင်ငံတော်ကို တည်ဆောက်ကြရာမှာ အတိတ်က အားနည်းချို့ယွင်းခဲ့တဲ့ ဖြစ်စဉ်တွေကို သင်ခန်းစာယူကြရမယ်။ စာပေစာနယ်ဇင်းသမားတွေအနေနဲ့**

အမျိုးသားရေးအကျိုးစီးပွားကို အခြေ
ကရေစီကို မှန်မှန်ကန်ကန် ကျင့်သုံး
ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်
တည့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်
လမ်းကြောင်းမှန်ပေါ်ကနေ သွေဖည်မ
ထိန်းကျောင်း တည့်မတ်ပေးကြရမယ
ပြည်သူတွေရဲ့ လူ့စွမ်းအားအရင်းအမြ
အမှားအမှန်၊ အကြောင်းအကျိုး၊
သိမြင်နိုင်အောင် ဗဟုသုတပညာပေ
စာပေသမားတွေရဲ့ တာဝန်တွေက
တွေ့ရတယ်"

"မင်းပြောတာ မှန်ပါတယ်။ ဒါ
တယ်။ စာပေစာနယ်ဇင်းအဖွဲ့အနေ
အခါမှာ စာပေစာနယ်ဇင်းကျင့်ဝတ်န
အပေါ်မှာ အစဉ်ရပ်တည်ဖို့ကိုပါ ထ
ထင်တာပဲ"

"ဟုတ်တယ်ဟ . . . အနာဂ
ပိုမိုကြီးလေးတဲ့ တာဝန်ကို ယူကြရမှာဖ
ပြီး မီဒီယာသမားတွေကို လေ့ကျင့်သ

"ကဲ . . . မင်းတို့ စာပေညီလာ

"ထူးထူးထွေထွေ မရှိတော့ပါဘ
ကာလက ဆောင်ရွက်ခဲ့မှုအစီရင်ခံစာ
တွေက အပြုသဘောနဲ့ အားသာ
ဝေဖန်ထောက်ပြပြီး တညီတညွတ်တ
ရှေ့လုပ်ငန်းစဉ်တွေ ချမှတ်ပြီး အ
အမှုဆောင်ကော်မတီအဟောင်းတွေ
အမှုဆောင်ကော်မတီအသစ်ကို မဲ
တယ်"

"ဗဟိုကော်မတီအသစ်အကြော

"နာယကများအဖြစ် အရင်ကော်
ကြီးရင့်ပြီး စာပေအစဉ်အလာရှိကြတဲ့
တယ်။ စာပေအစဉ်အလာလည်းရှိ ကျ
ဆောင်ရွက်နိုင်တဲ့ ဥက္ကဋ္ဌအသစ်ကို
ရေးမှူးအဖွဲ့ဝင်တွေကိုလည်း တက်တ
တဲ့၊ လုပ်ချင်ကိုင်ချင်စိတ်ရှိတဲ့ လူရွယ်
တယ်။ အဖွဲ့ဝင်တွေကတော့ လူပေ
တွေ့ရပါတယ်။ ဒါကြောင့် ဗဟိုအမှုဆေ
စနစ်တကျနဲ့ စီမံခန့်ခွဲ လုပ်ဆောင်နိုင်

"ကောင်းပါတယ်ကွာ၊ လူသစ်စိ
ကျရာတာဝန်တွေကို တက်တက်ကြွ
ကြီးမားကျယ်ပြန့် များပြားလာတဲ့ စ
တာဝန်တွေကို အောင်မြင်အောင် ထ
စိတ်နဲ့ လုပ်တတ်ကိုင်တတ်ရှိမယ်၊
ကွပ်ကဲကြပ်မတ်မှုသဘောကို ကျင့်သုံး
တစ်ဦးချင်းတာဝန်ယူမယ်၊ အပြန်အ
စေတနာထားဆောင်ရွက်မယ်၊ သည
ညီညီညွတ်ညွတ် ဆောင်ရွက်ကြမယ်
မရှိ အောင်မြင်အောင် ဆောင်ရွက်နိုင
ကော်မတီအသစ်အနေနဲ့ ကိုယ်စွမ်
မာန်တက် ထမ်းဆောင်ပြီး တာဝန်ဟူ
ဆောင်ရွက်နိုင်ကြလိမ့်မယ်လို့ပဲ ယုံက

"ကဲ---စကားဝိုင်းကလည်းကော
ကောင်းပေမယ့် အချိန်အခါလင့်လို့ အိ
ခွင့်ပြုပါဦးကွာ၊ ကျေးဇူးလည်းတင်ကြ

ထိုသို့ စာပေသမားတစ်သိုက် နှုတ်
ကျွန်တော်၏အတွေးအာရုံ၌ မြန်မာနိုင်
များပြားကြီးလေးသောတာဝန်များကို
လောကသားများနှင့် စာပေလောကကြ
ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်ရေ
အစဉ်ရှင်သန်ထက်မြက်သွက်လက်သေ
များပြားလှစွာသော အမျိုးသားအကျ
ကြရမည့် တာဝန်တို့ပင်ဖြစ်ကြောင်း
ထိုတာဝန်များကို ဗဟိုအမှုဆောင်ကေ
ညီညွတ်စွာဖြင့် အောင်မြင်အောင်
အကျိုး၊ ပြည်သူ့အကျိုးနှင့် စာပေလေ
ရှေးရှု၍ ဆောင်ရွက်နိုင်ကြပါစေကြော
စာကြည့်တိုက်ဖောင်ဒေးရှင်းကြီး၏
အောင်မြင်ပါစေကြောင်း ဆန္ဒပြုနေမိ

အမျိုးသားရေးအကျိုးစီးပွားကို အခြေခံပြီး မိမိကိုယ်တိုင်လည်း ဒီမိုကရေစီကို မှန်မှန်ကန်ကန် ကျင့်သုံးတတ်ဖို့လိုသလို အခြားသော ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးမဏ္ဍိုင်များကိုလည်း တည့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေဖို့ အမျိုးသားအကျိုးစီးပွား လမ်းကြောင်းမှန်ပေါ်ကနေ သွေဖည်မသွားနိုင်စေဖို့ စာပေစွမ်းအားနဲ့ ထိန်းကျောင်း တည့်မတ်ပေးကြရမယ်။ နောက်ပြီး အဓိကဖြစ်တဲ့ ပြည်သူတွေရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာအောင်၊ အမှားအမှန်၊ အကြောင်းအကျိုး၊ အကောင်းအဆိုးကို ခွဲခြားသိမြင်နိုင်အောင် ဗဟုသုတပညာတွေ ပေးကြရမယ်။ ဒါကြောင့် စာပေသမားတွေရဲ့ တာဝန်တွေက အင်မတန်ကြီးလေးလာတာ တွေ့ရတယ်"

"မင်းပြောတာ မှန်ပါတယ်။ ဒါကြောင့် ငါအကြံတစ်ခုပေးချင်တယ်။ စာပေစာနယ်ဇင်းအဖွဲ့အနေနဲ့ သင်တန်းတွေ ဖွင့်လှစ်တဲ့အခါမှာ စာပေစာနယ်ဇင်းကျင့်ဝတ်နဲ့ အမျိုးသားရေးအကျိုးစီးပွားအပေါ်မှာ အစဉ်ရပ်တည်ဖို့ကိုပါ ထည့်သွင်းသင်ကြားပေးသင့်တယ် ထင်တာပဲ"

"ဟုတ်တယ်ဟ . . . အနာဂတ်ကာလမှာ စတုတ္ထမဏ္ဍိုင်က ပိုမိုကြီးလေးတဲ့ တာဝန်ကို ယူကြရမှာဖြစ်လို့ အခုကတည်းက ကြိုတင်ပြီး မီဒီယာသမားတွေကို လေ့ကျင့်သင်ကြားပေးသင့်တယ်နော်"

"ကဲ . . . မင်းတို့ စာပေညီလာခံအကြောင်း ဆက်ပါဦး"

"ထူးထူးထွေထွေ မရှိတော့ပါဘူး။ ယခင်လေးနှစ်သက်တမ်းကာလက ဆောင်ရွက်ခဲ့မှုအစီရင်ခံစာတွေကို ညီလာခံကိုယ်စားလှယ်တွေက အပြုသဘောနဲ့ အားသာချက်၊ အားနည်းချက်တွေကို ဝေဖန်ထောက်ပြပြီး တညီတညွတ်တည်း အတည်ပြုခဲ့ကြပါတယ်။ ရှေ့လုပ်ငန်းစဉ်တွေ ချမှတ်ပြီး အတည်ပြုခဲ့ကြတယ်။ နောက် အမှုဆောင်ကော်မတီအဟောင်းတွေက နုတ်ထွက်ပေးပြီး ဗဟိုအမှုဆောင်ကော်မတီအသစ်ကို မဲဆန္ဒပေးပြီး ရွေးချယ်နိုင်ခဲ့ကြတယ်"

"ဗဟိုကော်မတီအသစ်အကြောင်း ပြောပါဦးဟ"

"နာယကများအဖြစ် အရင်ကော်မတီဟောင်းက အသက်အရွယ်ကြီးရင့်ပြီး စာပေအစဉ်အလာရှိကြတဲ့ ပုဂ္ဂိုလ်လေးဦးကို ခန့်အပ်ခဲ့တယ်။ စာပေအစဉ်အလာလည်းရှိ ကျန်းမာရေးကောင်းပြီး အချိန်ပေးဆောင်ရွက်နိုင်တဲ့ ဥက္ကဋ္ဌအသစ်ကို ရွေးချယ်ခန့်အပ်ခဲ့ပြီး အတွင်းရေးမှူးအဖွဲ့ဝင်တွေကိုလည်း တက်တက်ကြွကြွနဲ့ လုပ်ကိုင်နိုင်စွမ်းရှိတဲ့၊ လုပ်ချင်ကိုင်ချင်စိတ်ရှိတဲ့ လူရွယ်လူလတ်တွေကို တာဝန်ပေးခဲ့တယ်။ အဖွဲ့ဝင်တွေကတော့ လူဟောင်းရော၊ လူသစ်ပါ ပါရှိတာတွေ့ရပါတယ်။ ဒါကြောင့် ဗဟိုအမှုဆောင်ကော်မတီအသစ်အနေနဲ့ စနစ်တကျနဲ့ စီမံခန့်ခွဲ လုပ်ဆောင်နိုင်ကြမယ်လို့ ထင်ပါတယ်"

"ကောင်းပါတယ်ကွာ၊ လူသစ်စိတ်သစ်နဲ့၊ ညီညီညွတ်ညွတ်နဲ့ ကျရာတာဝန်တွေကို တက်တက်ကြွကြွ ထမ်းဆောင်ကြမယ်ဆိုရင် ကြီးမားကျယ်ပြန့် များပြားလာတဲ့ စာပေတာဝန်၊ အမျိုးသားရေးတာဝန်တွေကို အောင်မြင်အောင် ထမ်းဆောင်နိုင်မှာပါ။ လုပ်ချင်စိတ်နဲ့ လုပ်တတ်ကိုင်တတ်ရှိမယ်၊ စီမံခန့်ခွဲမှုကောင်းကောင်းနဲ့ ကွပ်ကဲကြပ်မတ်မှုသဘောကို ကျင့်သုံးနိုင်မယ်၊ စုပေါင်းဦးဆောင်ပြီး တစ်ဦးချင်းတာဝန်ယူမယ်၊ အပြန်အလှန်လေးစားမှုနဲ့ အရာရာကို စေတနာထားဆောင်ရွက်မယ်၊ သည်းခံနားလည်ပြီး ခွင့်လွှတ်မှုနဲ့ ညီညီညွတ်ညွတ် ဆောင်ရွက်ကြမယ်ဆိုရင် အရာရာကို အခက်အခဲမရှိ အောင်မြင်အောင် ဆောင်ရွက်နိုင်ပါလိမ့်မယ်။ ဗဟိုအမှုဆောင်ကော်မတီအသစ်အနေနဲ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားကြိုးမာန်တက် ထမ်းဆောင်ပြီး တာဝန်ဟူသမျှကို ကျေပွန်အောင်မြင်စွာ ဆောင်ရွက်နိုင်ကြလိမ့်မယ်လို့ပဲ ယုံကြည်ပါတယ်"

"ကဲ---စကားဝိုင်းကလည်းကောင်း၊ အစားအသောက်ကလည်းကောင်းပေမယ့် အချိန်အခါလင့်လို့ အိမ်ပြန်သင့်ကြပြီမို့ တို့တစ်တွေကို ခွင့်ပြုပါဦးကွာ၊ ကျေးဇူးလည်းတင်ကြတယ်"

ထိုသို့ စာပေသမားတစ်သိုက် နှုတ်ဆက်၍ ပြန်သွားကြချိန်တွင်မူ ကျွန်တော်၏အတွေးအာရုံ၌ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ များပြားကြီးလေးသောတာဝန်များကို အနှစ်ချုပ်လိုက်ပါက စာပေလောကသားများနှင့် စာပေလောကကြီးတစ်ရပ်လုံး၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်ရေးနှင့် အင်အားတောင့်တင်းပြီး အစဉ်ရှင်သန်ထက်မြက်သွက်လက်သောအဖွဲ့ကြီးဖြစ်ရေး၊ တာဝန်နှင့် များပြားလှစွာသော အမျိုးသားအကျိုးစီးပွားအတွက် လုပ်ဆောင်ကြရမည့် တာဝန်တို့ပင်ဖြစ်ကြောင်း သုံးသပ်ဆင်ခြင်မိပါသည်။ ထိုတာဝန်များကို ဗဟိုအမှုဆောင်ကော်မတီသစ်အနေဖြင့် စည်းလုံးညီညွတ်စွာဖြင့် အောင်မြင်အောင်ဆောင်ရွက်နိုင်ကြပါစေ။ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးနှင့် စာပေလောကသားတို့၏အကျိုးကို အမြဲရှေးရှု၍ ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုမိသလို ကျေးလက်စာကြည့်တိုက်ဖောင်ဒေးရှင်းကြီး၏ လုပ်ငန်းများ အစဉ်ရှင်သန်အောင်မြင်ပါစေကြောင်း ဆန္ဒပြုနေမိပါသည်။ ။

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေး အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ စီမံကိန်းလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံစီမံကိန်း ဒုတိယဝန်ကြီး ဦးသန်းဌေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၈

မြန်မာနိုင်ငံ၏ အဓိကဆန်စပါးစိုက်ပျိုးရာဒေသဖြစ်သော ဧရာဝတီတိုင်းအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများကို တိုက်ရိုက်အထောက်အကူပြုရန် ရည်ရွယ်လျက် အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ စီမံကိန်းအား စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းက ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကန်ကြီးဒေါင့်မြို့နယ်၌ တည်ဆောက်လျက်ရှိရာ စီမံကိန်းလုပ်ငန်းများ ပြီးစီးမှုအခြေအနေကို စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးသည် ဇွန် ၅ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တာဝန်ရှိသူများက စီမံကိန်း ရှင်းလင်းဆောင်၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက စက်မှုဆိုင်ရာ အရည်အသွေးပြည့်မီရေး၊ သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးရေးနှင့် ရေရှည်အားဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မရှိအောင် ထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စက်ရုံစီမံကိန်းသည် ယခုအခါ စက်တပ်ဆင်မှုလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးလျက်ရှိပြီး စက်စမ်းသပ်လည်ပတ်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ စက်ရုံ တည်ဆောက်ပြီးစီးပါက တစ်ရက်လျှင် ဓာတ်မြေသြဇာတန် ၅၀၀ ခန့် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၉-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၁၅ ၈။ အတီးပြိုင်ပွဲ
- ၈:၂၅ ၉။ တေးဂီတအစီအစဉ်
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ "ငါးရစ်မျိုးငါးတို့မစား"
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃:၃၀ ၁။ Myanmar National League MNL (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (နေပြည်တော် F.C နှင့် ဉဿာယူနိုက်တက် F.C)
- ၅:၀၀ ၂။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) (ဓာတုဗေဒ)
- ၅:၁၅ ၃။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၂၀ ၄။ သီချင်းကြီးပဒေသာ
- ၅:၃၀ ၅။ ရင်ခုန်စောင့်စားကမ္ဘာ့ဖလား (အုပ်စု-G)
- ၅:၄၅ ၆။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၆:၀၀ ၇။ ညနေခင်းသတင်း
- ၆:၁၅ ၈။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၉။ မြန်မာ့ဝေလှရိုးရာလက်ဝှေ့
- ၆:၃၅ ၁၀။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇:၀၀ ၁၁။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၇:၃၀ ၁၂။ အလင်္ကာကျော်စွာရွှေပြည်အေး နှစ်(၁၀၀)ပြည့် တေးဂီတအစီအစဉ်(အပိုင်း-၁)
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ ရွှေမြရုံခြယ် [တေးဆို-စိုးစန္ဒာထွန်းနှင့်အဖွဲ့၊ တေးရေး-မောင်မောင်အေး (အလင်္ကာဝတ်ရည်)]
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၄၉)**
- ၁၈။ **မြန်မာ-တရုတ်သံတမန်ဆက်သွယ်ရေးထူထောင်သည့် နှစ်(၆၀)ပြည့်အထိမ်းအမှတ် အခမ်းအနားနှင့် ယဉ်ကျေးမှုပဒေသာကပွဲ**
- ၁၉။ အစီအစဉ်ပြီး၏။

ကျွန်းလှမြို့ ဘုရင့်နောင်လမ်း ကျောက်ချောခင်းကျင်း

ကျွန်းလှ ဇွန် ၈

စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြသာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဘုရင့်နောင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် စည်ပင်သာယာရေးအဖွဲ့က အကျယ် ၁၂ ပေ၊ အရှည်ပေ ၁၈၀၀ ကို လည်းကောင်း၊ ပြည်သူလူထုထည့်ဝင်ငွေဖြင့် အကျယ် ၁၂ ပေ၊ အရှည်ပေ ၁၂၈၀ ကို လည်းကောင်း စုစုပေါင်း ပေ ၃၀၈၀ ကျောက်ချောခင်းခြင်းလုပ်ငန်းတွင် အမှုဆောင်အရာရှိ ဦးကျော်ကျော် အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးပြီး ၎င်းလမ်းသည် ကျွန်းလှမြို့သို့ အဝင်လမ်းမကြီးတစ်ခုအဖြစ် အကျိုးဖြစ်ထွန်းပေါ်ပေါက်လာမည်ဖြစ်ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဇွန် ၈

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၂၂)တွင် "Political Times" အထူးအချပ်ပိုအပါအဝင် "ပြည်သူတွေလိုလားတဲ့ပါတီနှင့် ပြည်သူကို အကျိုးပြုမယ့်ပါတီ" မျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ ပြည်တွင်းနိုင်ငံရေးသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ဆရာမောင်စူးစမ်းရေးသားသည့် နယူးယောက်မှ ကိုလံဘတ်(စ်)သို့ မထွက်မီ ရွေးကောက်ပွဲတရား၊ ဆရာမောင်သာနုရေးသားသည့် ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများ၊ ပါတီမိတ်ဆက်ကဏ္ဍ စသည့် နိုင်ငံရေးသုံးသပ်ဆောင်းပါးများနှင့် သတင်းများ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်သွားမည်ဟု အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးကပြော၊ အနာဂတ်မှာ အဆင့်မြင့်ဈေးကြီးတွေကို ဘယ်လိုတည်ဆောက်ကြမလဲ၊ ငါးလောင်းပြိုင်လူသတ်မှုကို ပလပ်ထားခြင်းမရှိဘဲ ဆက်လက်စုံစမ်းလျက်ရှိကြောင်း ရဲချုပ်ပြောကြား၊ မီးသင့်ခဲ့သည့် ဆေး၊ အလှကုန်နှင့်စာရေးကိရိယာဆိုင်များ မင်္ဂလာဈေးသစ်တွင် ပြန်လည်နေရာချ၊ ကိုရီးယား-မြန်မာ လုပ်သားစေလွှတ်ရေးအစီအစဉ် လာမည့် နိုဝင်ဘာအတွင်း ပြန်လည်စတင်နိုင်ဖွယ်ရှိဟုဆို၊ တေးသံရှင်များ အခွန်ကြွေးကျန်ကို သတ်မှတ်ရက်အတွင်း မပေးဆောင်က ရာနှုန်းပြည့် အခွန်ထပ်မံပေးဆောင်ရမည်၊ မြန်မာ့လယ်ယာလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန် ထိုင်းဆန်စပါးကုန်သည်အသင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ စိတ်ဝင်စား၊ ဒီရာသီဆို သတိထား ကူးစက်ရောဂါရှိနေတယ်၊ ရေအောက်ကမ္ဘာသို့ ရောက်ရှိခြင်း ကိုရီးယားခရီးသွားဆောင်းပါး၊ မိုးရာသီမှာဖြစ်တဲ့ ရောဂါဘယတွေကို ဘယ်လိုကြိုတင်ကာကွယ်မလဲ Yangon Forum ကဏ္ဍသစ်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ လူငယ်နှင့် နိုင်ငံရေးအသိအမြင်၊ ထွက်နေတဲ့ ကောလာဟလတွေက တစ်ခုမှ မဟုတ်ပါဘူး ဝတ်မှုံရွှေရည်နှင့် လိုတိုဗျူး စသည့် ဖျော်ဖြေရေးကဏ္ဍ အပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

မစ္စတာဟိုဆေးကာလို့စ် ဒါဖွန်ဆေးကားဂျူနီယာအား ဘရာဇီးလ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

နေပြည်တော် ဇွန် ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘရာဇီးလ်နိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ဟိုဆေးကာလို့စ် ဒါဖွန်ဆေးကား ဂျူနီယာအား ခန့်အပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာဟိုဆေးကာလို့စ် ဒါဖွန်ဆေးကား ဂျူနီယာသည် ၁၉၆၀ ပြည့်နှစ် မတ် ၂ ရက်တွင် မွေးဖွားခဲ့သူဖြစ်သည်။ ၎င်းသည် ၁၉၈၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ သံတမန်ကျောင်းတော်မှ ဘွဲ့ရရှိခဲ့သည်။ ၎င်းသည် မာပူတိုနှင့် မနီလာတို့တွင် သံရုံးယာယီတာဝန်ခံအဖြစ်လည်းကောင်း၊ ဝါရှင်တန်ဒီစီတွင် ဒုတိယအတွင်းဝန်နှင့် ပထမအတွင်းဝန်အဖြစ်လည်းကောင်း၊ အဘူဒါဘိုင်တွင် သံရုံးယာယီတာဝန်ခံအဖြစ် လည်းကောင်း၊ အော်တာဝါနှင့် ဝါရှင်တန်ဒီစီ (ဒုတိယအကြိမ်)တွင် ပထမအတွင်းဝန်အဖြစ်လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့သည်။ ထို့အပြင် ၎င်းသည် နိုင်ငံရေးနှင့် ပြည်သူ့အုပ်ချုပ်ရေး လုပ်ငန်းများတွင် အရေးပါသောတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၎င်းသည် အမျိုးသားဥပဒေပြုလွှတ်တော် ဒုတိယအကြီးအကဲများအဖွဲ့တွင် အက်စ်ပရီတိုစန်တိုပြည်နယ်၏ ပြည်ထောင်စုကိုယ်စားလှယ်အဖြစ် လည်းကောင်း၊ အက်စ်ပရီတိုစန်တိုပြည်နယ် ဘဏ္ဍာရေးဝန်ကြီးအဖြစ် လည်းကောင်း၊ အက်စ်ပရီတိုစန်တိုပြည်နယ်၏ ဘဏ်ကြီးကြပ်ရေးဘုတ်အဖွဲ့နှင့် ပြည်နယ်ဖွံ့ဖြိုးရေးဘဏ်ကြီးကြပ်ရေးဘုတ်အဖွဲ့တို့တွင် ဥက္ကဋ္ဌအဖြစ် လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် အိန္ဒိယနိုင်ငံရှိ ဘရာဇီးလ်နိုင်ငံသံရုံး၌ သံမှူးကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီး နှစ်ဦးရှိသည်။

(သတင်းစဉ်)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဇွန် ၈

ဦးတင့်လွင်သည် ကစားဖော်များဖြစ်ကြသော ဦးအောင်ဇော်ဟိန်း၊ ဦးသန့်ဇင်၊ ဦးတင်သောင်း၊ Mr. FRANCIS AU တို့နှင့်အတူ ဇွန် ၅ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း (ငွေသော်တာကွင်း)၌ ဂေါက်ရိုက်ကစားစဉ် SRIXON NO.(2) ဘောလုံးကို KATANA SWORD SNIPER IRON.(8) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၃၃ ကိုက်အကွာတွင်ရှိသော ကျင်းအမှတ်(၁၆)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(ကြေးမုံ)

သေဒဏ်နှင့်ပတ်သက်၍ အလွယ်တကူ စီရင်ချက်ချမှတ်ခြင်းမပြုနိုင်သည့် ဥပဒေစည်းမျဉ်းသစ် တရုတ်ထုတ်ပြန်၊ တောင်ကိုရီးယားနိုင်ငံ၏ ကာကွယ်ရေး တိုးမြှင့်ရန် ရေရှည်မဟာဗျူဟာတစ်ရပ် အမေရိကန်စီစဉ် ဆောင်ရွက်လျက်ရှိ၊ ချမ်းသာကျော်ကြားသူတို့ တရုတ်ကို စွန့်ခွာလာကြ၊ အင်တာနက်စွဲသော ကိုရီးယားဇနီးမောင်နှံကြောင့် မွေးကင်းစကလေးငယ်သေဆုံး၊ ကေသာအလှပြုပြင်လွန်းပါက ဆံနွယ်ကို ပျက်စီးစေနိုင်၊ ကွန်ပျူတာဗိုင်းရပ်စ်က လူကို ကူးစက်ခြင်းဖြင့် အခြားပြဿနာများ ဖြစ်ပေါ်နိုင်၊ စင်ကာပူသူခိုးဈေး အတိတ်ပုံရိပ်အတိုင်း ယနေ့တိုင် တည်ရှိနေ၊ လူတစ်ဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိသည့် လူသတ်မှု စင်ကာပူတွင်ဖြစ်ပွား မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ နိုင်ငံတကာဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ (သတင်းစဉ်)

လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော မလစ်ရေကျော်တံတား ဆောက်လုပ်နေမှုကို ဇွန် ၂ ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းစိုး ကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးစိန်ဝင်း လုပ်ငန်းဆောင်ရွက်နေမှုကို လိုက်လံရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

ဆိုင်ကလုန်းမုန်တိုင်းဖက်သ်၏ အန္တရာယ်မှ ရှောင်တိမ်းလာသော ပါကစ္စတန်နိုင်ငံ ကီတီဘန်ဒါဒေသမှ ဒုက္ခသည်မိသားစုကို ဇွန် ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်၌ ဆိုင်ကလုန်းမုန်တိုင်းဖက်သ် တိုက်ခတ် ၁၅ ဦး သေဆုံး၍ ထောင်ပေါင်းများစွာ အိုးအိမ်မဲ့ဖြစ်

အစ္စလာမ္မာဘတ် ဇွန် ၈

ပါကစ္စတန်နိုင်ငံ တောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသများအတွင်း ဆိုင်ကလုန်းမုန်တိုင်းဖက်သ် ဝင်ရောက်မွှေနှောက်သွားခဲ့ရာ လူ ၁၅ဦး သေဆုံးခဲ့ပြီး ဒါဇင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိကြောင်း သိရသည်။ မုန်တိုင်းဒဏ်ကြောင့် လူထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း တာဝန်ရှိသူများက တနင်္လာနေ့တွင် ပြောကြားသည်။

အားပျော့ပျက်ပြယ်

ယင်းမုန်တိုင်းသည် တနင်္လာနေ့က အိန္ဒိယနိုင်ငံ ရာဂျက်စတန်ပြည်နယ် ကမ်းရိုးတန်းလွင်ပြင်ဒေသသို့ ဝင်ရောက်ခဲ့ပြီး အားပျော့ပျက်ပြယ်သွားပြီဖြစ်ကြောင်း မိုးလေဝသဌာန ညွှန်ကြားရေးမှူးချုပ် ကာမာရုဇာမန်ချောက်ဒူရီကပြောကြားသည်။

ကမ်းရိုးတန်းရေပြင်အခြေအနေသည် တည်ငြိမ်သွားပြီဖြစ်ရာ တံငါသည်များ ငါးဖမ်းဆီးရန် ပင်လယ်ပြင်သို့ ထွက်ခွာနိုင်ပြီ ဟုဆိုသည်။

ဒဏ်ရာရ

ပါကစ္စတန်နိုင်ငံတွင် ကရာချိမြို့နှင့် အခြားသော ပင်လယ်ကမ်းခြေမြို့များတွင် ဖက်သ်မုန်တိုင်း တိုက်ခတ်မှုကြောင့် တနင်္ဂနွေနေ့က အနည်းဆုံး ၁၅ဦး သေဆုံးခဲ့ရာ အများစုမှာ ဓာတ်လိုက်၍ သေဆုံးရခြင်းဖြစ်သည်။ ယင်းမုန်တိုင်းသည် ပင်လယ် ကမ်းခြေတစ်လျှောက် မွှေနှောက်တိုက်ခတ် ခဲ့ရာ အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ပါကစ္စတန်စစ်ဘက်က မုန်တိုင်းဒဏ်ခံခဲ့ရသော ပင်လယ်ကမ်းရိုးတန်းမြို့များသို့ စောင်များ၊ ခေါင်းအုံးများနှင့် ရွက်ဖျင်တဲများ အပါအဝင် ကယ်ဆယ်ရေးပစ္စည်းများကို လေကြောင်းမှတစ်ဆင့် ပို့ဆောင်ပေးခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ထိပ်တန်းလျှို့ဝှက်အဆင့် ဗီဒီယိုတိပ်ခွေ ပြင်ပသို့ ပေါက်ကြားမှု အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို စစ်ဘက်ကဖမ်းဆီး

ဘဂ္ဂဒက် ဇွန် ၈

၂၀၀၇ခုနှစ်အတွင်း အီရတ်နိုင်ငံ၌ အမေရိကန်စစ်ဘက် ရဟတ်ယာဉ်တစ်စင်း၏ ပစ်ခတ်မှုကြောင့် ရိုက်တာသတင်းဌာနမှ ဝန်ထမ်းနှစ်ဦးသေဆုံးခဲ့ရခြင်းနှင့် ပတ်သက်သည့် ဗီဒီယိုတိပ်ခွေကို ပြင်ပသို့ထုတ်ဖော်ခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား အီရတ် နိုင်ငံမှ အမေရိကန်စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများက ဖမ်းဆီးထိန်းသိမ်းထားကြောင်း တနင်္လာနေ့က သတင်းများတွင်ဖော်ပြသည်။

အမေရိကန်စစ်ဘက်၏ အဆိုအရ ထိပ်တန်းလျှို့ဝှက် အဆင့်သတ်မှတ်ထားသော အဆိုပါဗီဒီယိုခွေ ပြင်ပသို့ပေါက်ကြားမှုနှင့်ပတ်သက်နေကြောင်း ယူဆရသူမှာ အမှတ်(၁၀) တောင်ပေါ်တပ်ရင်းမှ တပ်ဖွဲ့ဝင် ဘရက်ဒ်လေမင်းနင်းဆိုသူဖြစ်ကြောင်း သိရသည်။ ၎င်းကို ရုံးတင်စစ်ဆေးမှု မပြုလုပ်မီ ကူဝိတ်နိုင်ငံတွင် ထိန်းသိမ်းထားသည်ဟု ဆိုသည်။

အသက် ၂၂နှစ်အရွယ် အဆိုပါအမေရိကန်တပ်ဖွဲ့ဝင်သည် ယင်းဗီဒီယိုခွေကို ဧပြီလအတွင်းက အင်တာနက်မှတစ်ဆင့် ပြင်ပသို့ ထုတ်ဖော်ခဲ့သည်။ အမေရိကန်ရဟတ်ယာဉ်က ရိုက်တာသတင်း ဌာနဝန်ထမ်းနှစ်ဦးကို ပစ်ခတ်နေပုံအား ယင်းဗီဒီယိုခွေထဲတွင် မှတ်တမ်းတင်ရိုက်ကူး ထားသည်။

ပေါက်ကြားပါက အမျိုးသားလုံခြုံရေးကို ထိပါးစေနိုင်မည့် ထိပ်တန်းလျှို့ဝှက် သတင်းအချက် အလက်များ စီမံခန့်ခွဲမှုကို အလေးအနက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ဆိုသည်။ ***အင်တာနက်။***



အီတလီနိုင်ငံ ဖလောရင့်မြို့ရှိ ဂယ်လီလီယို သိပ္ပံပြတိုက်၌ ပြသထားသော ၁၇ ရာစု နက္ခတ္တဗေဒပညာရှင် ဂယ်လီလီယို ဂယ်လီလေ၏ ယာဘက်လက်မှ လက်မနှင့် လက်ခလယ်ကို ဇွန် ၈ ရက်က တွေ့ရစဉ်။

(ဂယ်လီလီယိုသည် ၁၆၄၂ ခုနှစ်တွင် သေဆုံးခဲ့ပြီး ၎င်းကို လေးစားသူတစ်ဦးက ယင်းလက်ချောင်းများကို ၁၇၃၇ ခုနှစ်တွင် ယူဆောင်ထိန်းသိမ်းခဲ့သည်ဟု ဆိုသည်။)

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တွင် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲ လူတစ်ဦးသေဆုံး၍ ၁၀ ဦး ပျောက်ဆုံးလျက်ရှိ

ဟူစတန် ဇွန် ၈

အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် ဂျွန်ဆင်ခရိုင်တွင် တနင်္လာနေ့က အင်အားပြင်းထန်သော သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲမှုဖြစ်ပွားရာ လူတစ်ဦး သေဆုံး၍ လူ ၁၀ ဦးခန့် ပျောက်ဆုံးနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

တက္ကဆက်ပြည်နယ် အနောက်အလယ်ပိုင်း ကလီဘန်းမြို့အနီးတွင် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ခန့်က ယင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး လူ ခြောက်ဦးလည်း ဒဏ်ရာရရှိသွားကြောင်း ကလီဘန်းမြို့မှ တာဝန်ရှိတစ်ဦးက ဒေသခံရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။

မျက်မြင်တွေ့ရှိသူများက မိုးချုန်းသံကဲ့သို့ ကျယ်လောင်သောပေါက်ကွဲသံကြီးကို ညနေ ၃ နာရီ ၁၅ မိနစ်က ကြားခဲ့ရကြောင်း ပြောကြားသည်။

ပေါက်ကွဲမှုမှ ထွက်ပေါ်လာသော မီးတောက်မီးလျှံများနှင့် မီးခိုးလုံးကြီးများအပြင် မီးလောင်ကျွမ်းနေသော ကားတစ်စီးကိုလည်း ရုပ်မြင်သံကြားအစီအစဉ်များတွင် ပြသခဲ့သည်ဟု သိရသည်။ ***အင်တာနက်။***

ဘင်္ဂလားဒေ့ရှ်တွင် ကူးတို့သင်္ဘောနစ်မြုပ် ၁၂ ဦး သေဆုံး

ဒါကာ ဇွန် ၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ခရီးသည်အပြည့်တင်ဆောင်လာသော ကူးတို့သင်္ဘောတစ်စင်း နစ်မြုပ်သွားရာ ကလေး ၁၀ဦးအပါအဝင် လူ ၁၂ ဦးထက်မနည်း သေဆုံးသွားပြီး အများအပြား ပျောက်ဆုံးလျက်ရှိကြောင်း သက်ဆိုင်ရာက အင်္ဂါနေ့တွင် ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တော် မြောက်ဘက် ၈၅မိုင်ခန့်ကွာဝေးသော ဆူနမ် ဂမ်ခရိုင်တွင် ယင်းသို့ဖြစ်ပွားခြင်းဖြစ်ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

ဝန်ပိုတင်ဆောင်

ရေနစ်သွားသူများအနက် ကလေး ၁၀ ဦးနှင့် အမျိုးသမီး နှစ်ဦးတို့၏ ရုပ်အလောင်းများကိုသာရှာဖွေတွေ့ရှိ သေးကြောင်း၊ ယင်းကူးတို့သင်္ဘောသည် ဝန်ပိုများ မတန်တဆတင်ဆောင်လာကြောင်း ခရိုင်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ကူးတို့သင်္ဘောပေါ်တွင်လိုက်ပါလာသော ခရီးသည်အများအပြား ပျောက်ဆုံးနေဆဲဖြစ်ရာ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဖြစ်ပွားသော ရေယာဉ်မတော်တဆမှုများသည် ရေယာဉ်၏ ဘေးအန္တရာယ်လုံခြုံမှုဆိုင်ရာ စည်းမျဉ်းများလျော့ရဲခြင်းနှင့် ဝန်ပိုတင်ဆောင်မှုများကြောင့် ဖြစ်ပွားလေ့ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂါဇာထောက်ပံ့ရေးသင်္ဘောပြဿနာ စစ်ဆေးရေး အဆိုပြုချက် အစ္စရေးငြင်းပယ်

ဂျေရုဆလင် ဇွန် ၈

ဂါဇာကမ်းမြောင်ဒေသသို့ ထောက်ပံ့ရေးပစ္စည်းများ သွားရောက်ပေးပို့မည့် သင်္ဘောအုပ်စုကို အစ္စရေးကွန်မန်ဒိုများက ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့သည့် ဖြစ်ရပ်နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးနိုင်ရေးအတွက် နိုင်ငံတကာစုံစမ်းစစ်ဆေးရေးကော်မရှင် တစ်ရပ်ဖွဲ့စည်းရန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၏ အဆိုပြုချက်ကို အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက တနင်္ဂနွေနေ့တွင် ငြင်းဆိုခဲ့သည်။

ကော်မရှင်ကို ပင်လယ်ရေကြောင်း ဥပဒေကျွမ်းကျင်သူ နယူးဇီလန်ဝန်ကြီးချုပ်ဟောင်းဂျော့ဖရီပါလ်မာက ဦးဆောင်၍ အဖွဲ့ဝင်များအဖြစ် အမေရိကန်ပြည်ထောင်စု၊ တူရကီနှင့် အစ္စရေးတို့မှ ကိုယ်စားလှယ်များ ပါဝင်မည်ဖြစ်သည်။

နေတန်ယာဟုက ၎င်းနှင့် ဘန်ကီမွန်းတို့၏ အပြန်အလှန်ပြောကြားချက်များကို အစ္စရေးအစိုးရအဖွဲ့ဝင် ဝန်ကြီးများအား ရှင်းလင်းပြောကြားခဲ့သည်။ ယင်းသို့ စုံစမ်းစစ်ဆေးရာတွင် တာဝန်သိသိနှင့် ဓမ္မဓိဋ္ဌာန်ကျကျဖြစ်ရန် လိုအပ်ကြောင်း နေတန်ယာဟုက ဘန်ကီမွန်းကို ပြောကြားခဲ့သည်ဟု ဆိုသည်။

အစ္စရေးကာကွယ်ရေး တပ်ဖွဲ့များနှင့် အစ္စရေးနိုင်ငံ၏ အမျိုးသား အကျိုးစီးပွားကို တည်မြဲစေရေးအတွက် ၎င်းဖြစ်ရပ်ကို ဂရုတစိုက်နှင့် ဆင်ခြင်တုံတရားထားရှိ၍ စဉ်းစားရန် လိုအပ်ကြောင်း အစ္စရေး ဝန်ကြီးချုပ်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

တတိယအကြိမ် အာရှယုံကြည်မှု တည်ဆောက်ရေးညီလာခံ စတင်

အစ္စတန်ဘူလ် ဇွန် ၈

တူရကီနိုင်ငံအစ္စတန်ဘူလ်မြို့၌ အာရှယုံကြည်မှု တည်ဆောက်ရေး အဖွဲ့ဝင်နိုင်ငံများ ထိပ်သီးအစည်းအဝေးကို အင်္ဂါနေ့က ကျင်းပရာ နိုင်ငံပေါင်း ၄၀ခန့်မှ နိုင်ငံအကြီးအကဲများနှင့် အဆင့်မြင့်အရာရှိများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အာရှဒေသ အပြန်အလှန်ပေါင်းစည်းရေးနှင့် ယုံကြည်မှုတည်ဆောက်ရေးအဖွဲ့ ညီလာခံ(စီအိုင်စီအေ)ကို တတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။ ဂါဇာ၊ အရှေ့အလယ်ပိုင်းနှင့် ကိုရီးယားကျွန်းဆွယ်စသောဒေသများ၌ ဖြစ်ပွားနေသည့် ပြဿနာများကို ယင်းညီလာခံတွင် ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ ညီလာခံတွင် အီရတ်နှင့် ဗီယက်နမ်နိုင်ငံတို့ကို စီအိုင်စီအေအဖွဲ့ အစည်းအတွင်းသို့ ဝင်ရောက်ခွင့်ပြုကြောင်း ကြေညာချက်ကိုလည်း ထုတ်ပြန်ခဲ့သည်။

တူရကီနိုင်ငံသည် စီအိုင်စီအေအဖွဲ့၏ အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို ရယူခဲ့ပြီး ၂၀၁၂ခုနှစ်ထိတိုင် ယင်းတာဝန်ကို ထမ်းဆောင်မည်ဖြစ်သည်။ စီအိုင်စီအေအဖွဲ့၏ တတိယအကြိမ် ညီလာခံတွင် ဂါဇာထောက်ပံ့ရေးရေယာဉ်များကို အစ္စရေးရေတပ်က စီးနင်းတိုက်ခိုက်မှုနှင့် ပတ်သက်၍ ရှုတ်ချကြောင်း ကြေညာချက် ထုတ်ပြန်ရန် တူရကီနိုင်ငံက ဆန္ဒရှိနေကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကမ္ဘာ့ဖလားဘောလုံးပရိသတ်များ သွားလာမှု အဆင်ပြေရေး မြန်နှုန်းမြင့် ရထားလမ်းသစ် တောင်အာဖရိက ဖွင့်လှစ်

ဂျိုဟန်နက်စ်ဘတ် ဇွန် ၈

တောင်အာဖရိကနိုင်ငံသည် အာဖရိကတိုက်၏ ပထမဆုံးသော မြန်နှုန်းမြင့် ရထားလမ်းကို အင်္ဂါနေ့က စတင်ဖွင့်လှစ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့ လာရောက်ကြည့်ရှုကြမည့် ပရိသတ်များကို ဂျိုဟန်နက်စ်ဘတ်လေဆိပ်မှ မြို့တွင်းသို့ အလွယ်တကူသွားရောက်နိုင်ရန် အဆိုပါ မြန်နှုန်းမြင့် ရထားလမ်းကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဖလား ဘောလုံးပွဲကြည့် ပရိသတ်များ သွားလာရေးအဆင်ပြေစေရန် ဇွန် ၈ ရက်က ဖွင့်လှစ်ခဲ့သော တောင်အာဖရိကနိုင်ငံ၏ ပထမဆုံး မြန်နှုန်းမြင့် ရထားလိုင်းကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒေါ်လာ ၃ ဘီလီယံ ကုန်ကျခဲ့သော အဆိုပါ ရထားလမ်းစီမံကိန်းကို ၂၀၀၆ ခုနှစ်တွင် စတင်ခဲ့ပြီး အခက်အခဲအမျိုးမျိုးကြားမှ တည်ဆောက်ခဲ့ရခြင်းဖြစ်သည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို တောင်အာဖရိကနိုင်ငံ၌ ဇွန် ၁၁ ရက် တွင် စတင်ကျင်းပမည်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းမှ ဘောလုံးပရိသတ် ၃၀၀၀၀၀ ခန့် လာရောက်ကြည့်ရှုမည်ဟု ခန့်မှန်းထားသည်။ ပရိသတ်အများစုသည် ဂျိုဟန်နက်စ်ဘတ်မြို့ အော်တမ်ပါလေဆိပ်သို့ လေကြောင်းခရီးဖြင့် ဆိုက်ရောက်မည်ဟု ဆိုသည်။

လေဆိပ်မှ ဂျိုဟန်နက်စ်ဘတ်မြို့တွင်းသို့ အငှားကားဖြင့် သွားပါက အချိန်တစ်နာရီခန့်ကြာမည်ဖြစ်ပြီး မြန်နှုန်းမြင့် ရထားစီးနင်းသွားရောက်ပါက ၁၅ မိနစ်မျှသာကြာမြင့် မည်ဖြစ်သည်။ ***အင်တာနက်။***

ရတနာမင်း(လုံချည်ဆိုင်)

မင်္ဂလာဈေး၊ မြေညီထပ် (၄၀၅၊ ၃၅၆) ရှိဆိုင်ကို ၇-၆-၂၀၁၀ရက်မှစ၍ မင်္ဂလာမွန်ဈေး၊ ပထမထပ် (၁၄၈/၁၄၉)သို့ ပြောင်းရွှေ့ဖွင့်လှစ် ရောင်းချပေးနေပါသည်။

ရတနာမင်းလုံချည်ဆိုင် (မင်္ဂလာဈေး)

ဆိုင်ဖုန်း-၀၁ ၇၃၀၀၈၈၇၂

အိမ်ဖုန်း-၀၁ ၂၉၃၈၂၈

ရွှေသရဖီ အထည်ဆိုင် (မင်္ဂလာဈေး)

မင်္ဂလာဈေး ပထမထပ် (၄၄၉/၄၅၀)ရှိ ဆိုင်ကို ယုဇနပလာဇာ မြေညီထပ်(O-9)သို့ ပြောင်းရွှေ့ဖွင့်လှစ်လိုက်ပါသည်။ ဝင်ပေါက် ၂၂ မှဝင်ပါ။

တော်ဝင်ပလာဇာ ပထမထပ် (၁၁၃၊ ၁၂၃) တွင် **၁-၇-၂၀၁၀** ရက်၌ ဖွင့်လှစ်ရောင်းချပါမည်။

အိမ်ဖုန်း-၅၄၃၆၉၂၊ ၀၉-၅၁၅ ၈၇၅၉၊ ၀၉-၅၀၆၇၆၅၉၊ ၀၉ ၅၄၀ ၁၈၃၃

အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၈

ရန်ကုန်တက္ကသိုလ်(ပင်မ) ၁၉၉၆ - ၂၀၀၂ ခုနှစ်အတွင်း ဥပဒေတွဲ့ရ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကို ဇွန် ၂၇ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲမှ ၁၁ နာရီခွဲအထိ ရွှေတိဂုံဘုရားလမ်း(တောင်ဘက်မုခ်အနီး) ရန်ကုန်မြို့တော်စည်ပင်ခမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါ၍ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် တိုက်တွန်းနှိုးဆော်ထားသည်။

(ကြေးမုံ)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

Concordia Int'l Co., Ltd. က ဓာတ်ခွဲစမ်းသပ်စက် ပစ္စည်းသစ်များ မိတ်ဆက်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၈

Concordia Int'l Co., Ltd. က တင်သွင်းဖြန့်ချိရောင်းချသော Mindray အမှတ်တံဆိပ် ဆေးရုံ၊ ဆေးခန်း ဓာတ်ခွဲခန်းသုံး ဓာတ်ခွဲစမ်းသပ်စက်ပစ္စည်းသစ်များ မိတ်ဆက်ပွဲကို မန္တလေးမြို့ Sedona Hotel အမရပူရခန်းမ၌ ဇွန် ၁၁ ရက်တွင် လည်းကောင်း၊ ရန်ကုန် Traders Hotel ကုန်းဘောင်တကောင်းခန်းမ၌ ဇွန် ၁၃ ရက်တွင် လည်းကောင်း ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားတွင် Mindray (Shen Zhen) မှ Sales Representative (Southeast Asia) Mr. Nash Zou က ဓာတ်ခွဲခန်းသုံးပစ္စည်းသစ်များနှင့် စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းပြောကြားမည် ဖြစ်သည်။

Mindray ကုမ္ပဏီမှာ တရုတ်ပြည်၏ အကြီးဆုံးသော ဆေးရုံသုံးနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုဖြစ်ပြီး အခြားဥရောပနိုင်ငံများသို့လည်း ပစ္စည်းများ တင်သွင်းရောင်းချနေသော ကုမ္ပဏီလည်း ဖြစ်သည်။ Mindray (Shen Zhen) မှ ထုတ်လုပ်သော ဆေးရုံသုံးနှင့် ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းများသည် ISO လက်မှတ်ရပစ္စည်းများ ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ၃-၅ လွှာ၊ ရွှေဂုံပလာဇာ(ရွှေဂုံတိုင်မီးပွိုင့်အနီး) ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၄၀၀၂၆၊ ၅၄၉၄၄၄၊ ၇၃၀၀၉၂၂၀၊ Fax-၅၄၄၁၉၉၊ E-mail-Concordia @ myanmar. com. mm၊ မန္တလေးမြို့ အမှတ်(၅)မြေညီထပ် SY အဆောက်အအုံ လမ်း ၃၀၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ ဖုန်း-၀၂-၃၆၄၇၈၊ ၀၉-၅၀၆၇၁၇၂၊ ၀၂-၉၁၀၀၁၉၆၅၊ Fax-၀၂-၈၉၅၇၁၊ E-mail - Cilmdy @ myanmar. com. mm၊ နေပြည်တော် အမှတ်(၁၄၄) သီရိရတနာ Shopping Complex ဖုန်း-၀၆၇-၂၄၀၈၁၉၊ ၀၆၇-၄၂၁၃၆၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ်၌ နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံး

နေပြည်တော် ဇွန် ၈

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၁) ရပ်ကွက်၌ ဇွန် ၇ ရက် နံနက် ၉ နာရီခွဲကျော်ခန့်တွင် နေအိမ်မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးပြီး အိမ်ရှင်၏ မြေးတော်သူ လေဖြတ်နေသည့် အသက် (၄၀) ခန့် အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း၊ အိမ်ရှင်အား တောင်ဥက္ကလာပရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးဘေးရှောင် မလောင်ခင်တား

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ လိုင်လင်းပီ၊ အိမ်အမှတ်(အ/၉၁)တွင် ပါတီရုံးချုပ်တည်ရှိသော **တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ Ethnic National Development Party (ENDP)** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၈-၆-၂၀၁၀ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ Ethnic National Development Party (ENDP) ၏ အလံ ပုံစံ



တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ Ethnic National Development Party (ENDP) ၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံတကာအားကစားသတင်းများ

ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အင်္ဂလန်နှင့် အာဂျင်တီးနားတို့ အနေအထား

တစ်ကမ္ဘာလုံးရှိ ဘောလုံးဝါသနာရှင်ပရိသတ်များ မျှော်လင့်စောင့်စားနေသည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးမှာ မကြာခင် စတင်တော့မည်ဖြစ်သည်။ ဇုန်ခြောက်ဇုန်မှ တက်လာသည့် ပြိုင်ပွဲဝင်အသင်း ၃၂ သင်းထဲမှ ဗိုလ်လုပွဲရောက်ရန် အကောင်းဆုံး အနေအထားတွင်ရှိနေသည့် အသင်းများ၏ အနေအထားကို တင်ပြသွားမည်ဖြစ်သည်။

အင်္ဂလန်အသင်း၏ သူရဲကောင်းဖြစ်လာနိုင်သည့် ဝိန်းရွန်နေး။

ကမ္ဘာ့ဖလားနှင့် အင်္ဂလန်

အင်္ဂလန်အသင်းအနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲကို (၁၂)ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ထားဖူးပြီး အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ၁၉၆၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့ဖူးသည်။ ၁၉၉၀ ခုနှစ် ဆာဘော်ဘီရော့ဆင်လက်ထက် အီတလီတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် စတုတ္ထ ရရှိခဲ့သည်။ ယင်းနောက်ပိုင်းတွင် အင်္ဂလန်အသင်းသည် ၁၉၉၈ ကမ္ဘာ့ဖလားတွင် ရှုံးထွက်အဆင့်၊ ၂၀၀၂ နှင့် ၂၀၀၆ ကမ္ဘာ့ဖလားတို့တွင် ကွာတားဖိုင်နယ်အထိသာ တက်ရောက်နိုင်ခဲ့သည်။

အင်္ဂလန်၏ လက်ရှိအနေအထား

လက်ရှိ ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အင်္ဂလန်အသင်းကို နည်းပြ ကာပယ်လိုကိုင်တွယ်ခဲ့ရာ ခြေစစ်ပွဲ ၁၀ ပွဲကစားရာ ယူကရိန်းတစ်သင်းကိုသာ အဝေးကွင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ဖူးသည်။ ခြေစစ်ပွဲကာလတွင် ဤသို့ ခြေစွမ်းထက်ခဲ့သည့် အင်္ဂလန်အသင်းသည် အုပ်စု(C)တွင် အမေရိကန်၊ အယ်လ်ဂျီးရီးယား၊ ဆလိုဗေးနီးယားတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေ၍ အုပ်စုချောင်လှသည်။ သို့အတွက်ကြောင့် အင်္ဂလန်အသင်းမှာ အုပ်စုဗိုလ်ဖြင့် နောက်တစ်ဆင့်တက်ရန် သေချာနေသည်ဟု ဆိုရမည်ဖြစ်သည်။ အကယ်၍ အင်္ဂလန်အသင်း အုပ်စုဗိုလ်ရခဲ့ပါက ရှုံးထွက်အဆင့်တွင် အုပ်စု (D) က ဒုတိယအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ယင်းအဆင့် ကျော်လွှန်နိုင်ခဲ့ပါက ကွာတားဖိုင်နယ်ကိုလည်း ဆက်လက်ကျော်ဖြတ်နိုင်ဖွယ်ရာရှိနေပြန်သည်။ ပွဲစဉ်များ အနေအထားအရ အင်္ဂလန်အသင်းမှာ အနည်းဆုံး ဆီမီးဖိုင်နယ်သို့ ရောက်ရှိရန် ရာနှုန်းများနေသည်။

အင်္ဂလန်လူစာရင်း

ဂိုး-ရောဘတ်ဂရင်း (ဝက်စ်ဟမ်း)၊ ဂျိုးဟတ်(ဘာမင်ဂမ်)၊ ဒေးဗစ်ဂျိမ်းစ်(ပို့စ်မောက်)၊ နောက်တန်း-ကာရေဂါ(လီဗာပူး)၊ အက်ရှ်လေကိုး(ချယ်လ်ဆီး)၊ မိုက်ကယ်ဒေါ်ဆင်(စပါး)၊ ဂလင်ဂျွန်ဆင်(လီဗာပူး)၊ လက်ဒလေကင်း (မန်စီးတီး)၊ ဂျွန်တယ်ရီ(ချယ်လ်ဆီး)၊ အပ်ဆန် (ဝက်စ်ဟမ်း)၊ ဝါနော့ခ်(ဗီလာ)၊ အလယ်တန်း-ဘယ်ရီ(မန်စီးတီး)၊ မိုက်ကယ်ကာရစ်(မန်ယူ)၊ ဂျိုကိုးလ်(ချယ်လ်ဆီး)၊ ဂျရတ်(လီဗာပူး)၊ လမ်းပတ်(ချယ်လ်ဆီး)၊ လင်နွန်(စပါး)၊ မေလ်နာ(ဗီလာ)၊ ဖိုလစ်(မန်စီးတီး)၊ ရှေ့တန်း-ပီတာခရော့ချ်(စပါး)၊ ဒီဖိုး(စပါး)၊ ဟတ်စကီး(ဗီလာ)နှင့် ဝိန်းရွန်နေး(မန်ယူ)တို့ ဖြစ်သည်။

အာဂျင်တီးနား

ကမ္ဘာ့ဖလားပြိုင်ပွဲကို (၁၅)ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ထားသည့် အာဂျင်တီးနားအသင်းသည် ၁၉၇၈ ကမ္ဘာ့ဖလားနှင့် ၁၉၈၆ ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် နှစ်ကြိမ်ဗိုလ်စွဲခဲ့သည်။ နည်းပြ မာရာဒိုနာကိုင်တွယ်နေသည့် အာဂျင်တီးနားအသင်းသည် အုပ်စု (B)တွင် နိုင်ဂျီးရီးယား၊ တောင်ကိုရီးယား၊ ဂရိတို့နှင့် ကျရောက်နေခြင်းကြောင့် အုပ်စုဗိုလ်ဖြစ်ရန် သေချာနေသည်။

အကောင်းဆုံးတိုက်စစ်

၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အာဂျင်တီးနားအသင်း၏ တိုက်စစ်တွင် အဂူရို၊ ဟီဂွာရင်၊ မက်ဆီ၊ မီလီတို၊ မာတင်ပါလာမိုနှင့် တီဗက်ဇ်တို့ ရှိနေခြင်းကြောင့် ကမ္ဘာ့အကောင်းဆုံး တိုက်စစ်အတွဲကို ပိုင်ဆိုင်ထားသည်ဟု ဆိုရမည်ဖြစ်သည်။ ကွင်းလယ်တွင် ဘိုလက်တီ၊ ဒီမစ်ချယ်လီ၊ ဒီမာရီယာ၊ ဂူတီရက်ဇ်၊ မာရှေယာနို၊ မက်စီရိုဒရီဂွက်ဇ်နှင့် ဗီရွန်တို့ ရှိနေပြီး နောက်တန်းခံစစ်တွင် ဘာဒစ်ဆို၊ ဂါစီ၊ ဟိန်နဇ်၊ အော်တာမန်ဒီ၊ ရိုဒရီဂွက်ဇ်၊ ဆင်မြူရယ်တို့ ရှိနေသည်။ ဂိုးသမားနေရာတွင် လက်စွမ်းပြနေသည့် အန်ဒူဂျာ၊ ဒီယေဂိုပိုဇိုနှင့် ဆာဂျီယိုရိုမီယိုတို့ ရှိနေခြင်းကြောင့် တောင်အမေရိကဇုန်မှ အာဂျင်တီးနားအသင်းမှာ ဗိုလ်စွဲရန် ရေပန်းအစားဆုံးဖြစ်လျက် ရှိနေပေသည်။



အာဂျင်တီးနားအတွက် ဂိုးသွင်းပေးရန် အဆင်သင့်ဖြစ်နေသည့် တီဗက်ဇ်။

ဝင်းတင်(ကြေးမုံ)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

နေပြည်တော် ဇွန် ၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၇၃/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၇၃/၂၀၁၀)
၁၃၇၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်
(၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၈ ရက်)
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအား
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်းနှင့် "စီ" လမ်းထောင့်၊ မြေကွက်အမှတ်(၅) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ**အား ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၈ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၃၂) ဖြစ်ပါသည်။

အမိန့်အရ

(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဇွန် ၈

နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုပြီးဖြစ်သော ပါတီများအနက် တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ Ethnic National Development Party (ENDP) က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ကို ၂၀၁၀ ခုနှစ် ဇွန် ၈ ရက်တွင် လာရောက် လျှောက်ထားခဲ့သည်။

ယင်းသို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ(၃၃)ပါတီအနက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၀ ခုနှစ် ဇွန် ၈ ရက်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့် ပြုလိုက်သည်။

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီ(၄၂)ပါတီရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လျှောက်ထားသည့်ပါတီ (၃၃)ပါတီအနက် ပါတီ(၃၂)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ (၈-၆-၂၀၁၀)

မိုးကုတ်	၃ ဒသမ ၅၁ လက်မ
ဘီးလင်း	၂ ဒသမ ၀၉ လက်မ
ကော့ကရိတ်	၁ ဒသမ ၆၁ လက်မ
သီပေါ	၁ ဒသမ ၄၂ လက်မ
ဟုမ္မလင်း	၁ ဒသမ ၃၈ လက်မ
ဇန်းမော်	၁ ဒသမ ၂၂ လက်မ